မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၂၀ ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၇၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီ မိနစ် ၂၀ တွင် နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်စစ်ဦးစီးချုပ် General Chen Bingde ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင်ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ်ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ *

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။
(သတင်းစဉ်)

နိုင်ငံတကာအဆင့်မီ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး လေးနာရီဖြင့် ခရီးပေါက်မည့် ရန်ကုန်-နေပြည်တော်လမ်းပိုင်း မကြာမီဖွင့်လှစ်တော့မည်

➤ သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း - တင်ထွေး(သတင်းစဉ်) ➤ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

နေပြည်တော် မတ် ၁၉

(ယမန်နေ့မှအဆက်)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ အပိုင်း(၁)ဖြစ်သော ရန်ကုန်-နေပြည်တော်လမ်းပိုင်းကို မကြာမီဖွင့်လှစ်တော့မည်ဖြစ်ရာ အမြန်လမ်းမကြီးနှင့် စပ်ဆိုင်သော အကြောင်းအချက်အလက်များနှင့် အမြန်လမ်းမကြီးကို တာဝန်ယူဖောက်လုပ်လျက်ရှိကြသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးတို့မှ တာဝန်ရှိသူများအား လုပ်ငန်းခွင်သို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်၍ တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များကို ဆက်လက်ဖော်ပြလိုက်ရပါသည်။

နေ့၊ ည အစွမ်းကုန် ဆောင်ရွက်ခဲ့ရ

စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ စီမံကိန်းအင်ဂျင်နီယာတစ်ဦးဖြစ်သော ဒုတိယဗိုလ်မှူးကြီးမြင့်ဦးအား လမ်းဖောက်လုပ်ရာတွင် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများနှင့်စပ်လျဉ်း၍ မေးမြန်းရာတွင် "မိုင်တိုင်အမှတ် ၉၆ နှင့် ၉၈ ကြား ပေ ၈၀ အနက်ရှိတဲ့လျှိုကို သတ်မှတ်စံနှုန်းအတိုင်း အလွှာလိုက်မြေဖို့ပေးခဲ့ရပါတယ်။ မိုင်တိုင်အမှတ် ၁၁၇ နှင့် ၁၂၀ ကြား ပေ ၁၀၀ အမြင့်ရှိတဲ့တောင်ကုန်းကို

စာမျက်နှာ ၁၀ ကော်လံ ၁ ●

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် မတ် ၂၀ ရက်)

အင်ဒိုနီးရှား–မြန်မာ ချစ်ကြည်ရင်းနှီးမှုခိုင်မြဲရေး ဆက်လက်ကြိုးပမ်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့တော်သို့ မတ်လ ၁၆ရက်နေ့က အလည်အပတ်ရောက်ရှိခဲ့သည်။

ဂျကာတာမြို့ အီစတာနာမာဒေးကားသမ္မတနန်းတော်ရှိ Reception Hall ၌ နှစ်နိုင်ငံခေါင်းဆောင်သော အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ယင်းနေ့၌ပင် ကျင်းပခဲ့သည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုက မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် သမိုင်းမှတ်တိုင်အဖြစ် တည်ရှိနေမည်ဖြစ်သည့်အပြင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ရေး၊ ချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်စွာ ဆက်လက်တည်တံ့ရေးတို့ကို ရရှိစေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပေသည်။

မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် နှစ်ကာလရှည်ကြာကပင် ချစ်ကြည်ရင်းနှီးခဲ့ကြပြီး အာဆီယံမိသားစု အဖွဲ့ဝင်နိုင်ငံများလည်း ဖြစ်ကြသည်။ နှစ်နိုင်ငံ နီးနီးကပ်ကပ်ရှိပြီး နားလည်မှုနှင့် ခင်မင်ရင်းနှီးမှု၊ နှစ်နိုင်ငံအကြားတွင်ရှိသည့် နီးကပ်သောပူးပေါင်းဆောင်ရွက်မှု၊ လက်တွဲမှုတို့သည် လွတ်လပ်ရေးမရမီကတည်းက စတင်ခဲ့ခြင်းဖြစ်ပေသည်။

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းနှင့် နိုင်ငံတကာနယ်ပယ်၌ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအပေါ် အခြေအနေမှန်များကို မျက်ကွယ်ပြုပြီး ဖိအားပေးမှုများကို အင်ဒိုနီးရှားသမ္မတနိုင်ငံက မြန်မာနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်သွားမည်ဟု ယုံကြည်ကြောင်းကို နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားခဲ့ပေသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်များတွင် မြန်မာနိုင်ငံအပေါ် တစိုက်မတ်မတ် ထောက်ခံမှုပြုခဲ့ပေသည်။

မြန်မာ–အင်ဒိုနီးရှား ပူးတွဲကော်မရှင်ဖွဲ့စည်းနိုင်ခဲ့ခြင်းသည် ကဏ္ဍစုံ၌ စနစ်တကျ ပူးပေါင်းဆောင်ရွက်နိုင်ရေးကို များစွာ အထောက်အကူပြုလျက်ရှိသည်။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ငွေရေးကြေးရေးကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်သစ်တောကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ ပြန်ကြားရေးကဏ္ဍများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများကို နှစ်နိုင်ငံဆွေးနွေးပြောကြားခဲ့ကြသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခွင့်ရရှိခြင်းသည် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ဖော်ထုတ်သွားနိုင်မည်ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုအခွန့်ရှည်တည်တံ့စေနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော် မြန်မာ့အသံ

(စနေနေ့–နံနက်+နေ့လယ်+ည)
(၂၁–၃–၂၀၀၉)

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တရားတော် (ဓဇဂ္ဂသုတ်) ဓမ္မပူဇာတေးပဒေသာ
- ၇း၂၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၈း၃၀ လောကနီတိအသိရှိစေဖို့ (သရဏဂုံ)
- ၈း၄၀ တေးပဒေသာ
- ၉း၀၀ ဘ၀အသွင်ကဗျာ့အမြင် (မတ်လတော်လှန်ရေးမှသည်)
- ၉း၁၀ တေးပဒေသာ
- ၉း၃၀ မွေးနေ့လက်ဆောင်
- ၉း၄၅ အာဆီယံအစီအစဉ်
- ၁၀း၀၀ မင်္ဂလာလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ ကလေးအစီအစဉ် (ဉာဏ်စမ်းပဟေဠိ) နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၅ ဓာတ်လမ်းပမာနားဆင်စရာ (လှပသော ရှက်ပြုံးများဖြင့်)
- ၁၁း၅၅ တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် တေးပဒေသာ
- ၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့ဆိုင်းပညာရှင် နေမျိုးဗလကျော်သူ့ဘွဲ့ရ စိန်ဗေဒါ) နေ့လယ်ခင်းတေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ ပညာရေးအစီအစဉ် (ပညာရေးအထူးအစီအစဉ်)
- ၁၃း၂၀ တေးပဒေသာ
- ၁၃း၃၀ အစီအစဉ်ပြီး၏။

- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၂၀ ဆောင်းပါး (စောင့်လေမျိုးနွယ်)
- ၁၆း၃၀ သောတရှင်လိုရာတေး
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ ခေတ်မရွေးသောတေးများ
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၀၅ တေးချစ်သူရွေးသီတေးပန်းချီ
- ၁၈း၃၀ တေးပဒေသာ
- ၁၉း၀၀ နိုင်ငံတကာသတင်း ညချမ်းချိန်ခါတေးပဒေသာ
- ၁၉း၁၀ သူ့အကြိုက် သူ့အသွင် (လင်းဇာနည်ဇော်) နိုင်ငံရေးဦးတည်ချက်
- ၁၉း၃၀ ကျန်းမာရေးရာသိကောင်းစရာ (ဆေးဖက်ဝင် ခံတက်ပင်)
- ၁၉း၄၀ တေးပဒေသာ
- ၂၀း၀၀ ပြည်တွင်းသတင်း သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
- ၂၀း၃၀ ညချမ်းချိန်ခါတေးပဒေသာ
- ၂၁း၀၀ နိုင်ငံတကာအနုပညာ (၄၀) ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
- ၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

မြဝတီ ရုပ်မြင်သံကြား

၂၀–၃–၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၂၅ ၅။ မဟာဂီတချိုကြည်မြ
- ၄း၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅း၁၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၂၀ ၉။ ပေးဆပ်လိုသောအချစ်များ
- ၅း၅၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၄။ လျှပ်တစ်ပြက်
- ၆း၄၀ ၁၅။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း **သားကောင်းမိခင်**(ပထမပိုင်း) နေတိုး၊ ထွန်းထွန်း၊ စိုင်းစိုင်းခမ်းလှိုင်၊ စိုးမြတ်သူဇာ၊ ပန်းဖြူ (ဒါရိုက်တာ–ပန်းချီစိုးမိုး)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ စိုက်ပျိုးသုတ
- ၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း **သားကောင်းမိခင်**(ဒုတိယပိုင်း)

အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၁၉

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ နံနက် ၇နာရီခွဲက နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပသော အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အကောင်အထည်ဖော်

ထို့နောက် အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်နယ်နှင့်တိုင်း အားကစားနှင့်ကာယပညာဦးစီးဌာနများ၏ ကဏ္ဍအလိုက် တာဝန်ထမ်းဆောင်နေမှုများအပေါ် အကဲဖြတ်တင်ပြပြီး ပြည်နယ်နှင့်တိုင်းတာဝန်ခံများနှင့် အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) နှင့် (ရန်ကုန်) တာဝန်ခံများက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို တင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်နယ်နှင့်တိုင်း တာဝန်ခံများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနခွဲအလိုက် ညွှန်ကြားရေးမှူးများက ပြန်လည်ရှင်းလင်းတင်ပြကြပြီး ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြစ်ကြီးနားမြို့၌ သန့်ရှင်းရေးဆောင်ရွက်

မြစ်ကြီးနား မတ် ၁၉

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၃ရက်က ရောဝတီမြစ်ကမ်းနားလမ်း သန့်ရှင်းရေးကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ရက်က မြစ်ကြီးနား မြို့မဈေးကြီး သန့်ရှင်းရေးကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၈ရက်က မြစ်ကြီးနား မြို့မဈေးကြီးတွင် မီးဘေးလုံခြုံရေးနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ကြသည်။ (ပြည်နယ် ပြန်/ဆက်)

ကျေးလက်ရေပေးရေး

ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေးအတွက် ပေါက်ဆိန်ပုံကျေးရွာအုပ်စု ရုံးငူကျေးရွာတွင် အဝီစိတွင်း တူးဖော်ပြီးစီးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးသိန်း ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးကျော်စွာဝင်းက ရှင်းလင်းတင်ပြစဉ်။(မြို့နယ်စည်ပင်)

မဟာဗျူဟာ လက်နက်လျှော့ချရေး စာချုပ်သစ် ရုရှားနှင့်အမေရိကန်တို့ ယခုနှစ်ကုန်တွင် ချုပ်ဆိုမည်

ဝါရှင်တန် မတ် ၁၉

ရုရှားအစိုးရနှင့် လက်နက်ထိန်းချုပ်ရေး စေ့စပ်ဆွေးနွေးမှုများ မပြုလုပ်မီ လက်နက်ထိန်းချုပ်ရေး အဓိကရာထူးနေရာအတွက် အမေရိကန်သမ္မတအိုဘားမားက ရို့စ်ဂေါ်တင်မိုလာအားရွေးချယ်ထားကြောင်း အမေရိကန်သမ္မတအိမ်ဖြူက မတ်၁၇ရက်တွင် ကြေညာသည်။

ရို့စ်ဂေါ်တင်မိုလာသည် ရုရှားကာကွယ်ရေးနှင့် နျူကလီးယားရေးရာ ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။ သူသည် စွမ်းအင်ဌာန အရာရှိဟောင်းတစ်ဦးဖြစ်ပြီး လောလောဆယ်တွင် နိုင်ငံတကာငြိမ်းချမ်းရေးဆိုင်ရာ ကာနက်ဂျီပညာရှင်အဖွဲ့တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

စစ်အေးတိုက်ပွဲကာလက တာဝေးပစ်နျူကလီးယားလက်နက်များလျှော့ချရေး ဦးတည်သည့် မဟာဗျူဟာလက်နက်လျှော့ချရေးစာချုပ်(စတပ်)မှာ ဒီဇင်ဘာလတွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။

ယခုနှစ်ကုန်တွင် အမေရိကန်နှင့် ရုရှားတို့က စတပ်စာချုပ်သစ်ချုပ်ဆိုရန် သန္နိဋ္ဌာန်ချထားကြောင်း အမေရိကန်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးများ ယခုလတွေ့ဆုံစဉ် ကြေညာထားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရတ်၌ မြေမြှုပ်မိုင်း ၃၆၀ သိမ်းဆည်းနိုင်

ဘဂ္ဂဒက် မတ် ၁၉

အီရတ်အထူးတပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တောင်ဘက် ကီလိုမီတာ ၃၆၀အကွာရှိ နာဆီရီယာမြို့နှင့် အနီးဝန်းကျင်ဒေသများမှ မြေမြှုပ်မိုင်း ၃၆၀ **(ယာပုံ)**ကို မတ် ၁၇ရက်က ရှာဖွေသိမ်းဆည်းနိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ယင်းမြေမြှုပ်မိုင်းများမှ စနက်တံများကို ဖယ်ရှားပြီးဖြစ်၍ အန္တရာယ်မရှိနိုင်တော့ကြောင်း ရဲတပ်ဖွဲ့က ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**



ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ည ၈နာရီ ၁၀မိနစ်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ စစ်သံမှူး Senior Colonel Gao Tiejun နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

အမှတ်တရလက်ဆောင်

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde တို့သည် အမှတ်တရလက်ဆောင် ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်စစ်ဦးစီးချုပ် General Chen Bingde သည် ဧည့်ခံဖျော်ဖြေကြသော အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမျိုးဝင်းအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် စစ်ဦးစီးချုပ် General Chen Bingde ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး မလေးရှား တပ်မတော်မှ Chief of Staff, Lieutenant General Dato' Haji Shahrom bin Haji Ibrahim အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

✱ ရှေ့ဖုံးမှ

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်စစ်ဦးစီးချုပ် General Chen Bingde ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့်ထွက်ခွာသွားကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

The Live News ဂျာနယ် အမှတ်(၁၂၄) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၉

ယခုအပတ်ထုတ် The Live News ဂျာနယ်အမှတ်(၁၂၄)တွင် မြင်းမူမောင်နိုင်မိုး၏ မွေ့လျော်ခြင်း၊ ချီးမွမ်းခြင်း၊ နီမင်းဆွေ၏ချစ်ဆိပ်ရည်(ဇာတ်သိမ်းပိုင်း)၊ ကိုကိုလှိုင်၏ လုပ်ရက်ကြပါပေ့ဗျာ(ပါကစ္စတန်မှ နိုင်ငံရေးသင်ခန်းစာ)၊ မောင်မြတ်မွန် (ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့သမိုင်းထဲက အခြေခံအဆောက်အအုံ(Infrastructure)ရဲ့ မူလဘူတ 'မြေ' သမိုင်းကြောင်း(၂)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည် ဂျပန်ပြည် အပိုင်း(၁၈)၊ အောင်လျှမ်းဝေ၏လွမ်းငွေ့မပြေချယ်ရီမြေ (၂၇)၊ အာရှမိုး၏တဖွဲဖွဲ ထွက်နေကြတဲ့ အိုဘားမားအစိုးရအဖွဲ့ထဲက ထိပ်တန်းအဖွဲ့ဝင်များ၊ မိုး(ပျဉ်းမနား)၏စင်ကာပူ၊ အိုဘားမား၏ပညာရေးမူဝါဒ၊ ရန်ပုံငွေရှာဖွေနေတဲ့ သမ္မတကတော် မစ်ရှယ်လီအိုဘားမား၊ သခွတ်ပင်က မီးကျည်တစ်ပွင့် သို့မဟုတ် လှုပ်ရှားလာနေတဲ့ မြောက်အိုင်ယာလန်ပြဿနာ၊ အားကစားဘက်သို့ ဦးလှည့်လာသော အကြမ်းဖက်တိုက်ခိုက်မှုများ၊ ဒေါင်လိုက် ရုတ်ခြည်းပျံတက်၊ ဆင်းသက်နိုင်သည့် မောင်းသူမဲ့လေယာဉ်သစ်၊ မဟတ္တမဂန္ဒီရဲ့ကိုယ်ပိုင်ပစ္စည်းများ အိန္ဒိယသူဌေးတစ်ဦးက လေလံဆွဲ၍ အိန္ဒိယပြန်ပို့၊ ထင်ပေါ်ကျော်ကြား ကိုရီးယားအနုပညာရှင်များ၊ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

မှာယူဖတ်ရှုနိုင်

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့်ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ငွေကျပ် ၅၈၅၀၊ ခြောက်လ ၂၆စောင် ငွေကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ် ၃၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် MARKET CARE (Distribution Service) အမှတ် ၅၅ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တီဘီကင်းဝေး ကျန်းမာရေး

- ❐ ကျန်းမာခြင်းသည် မြတ်သောလာဘ်
  တန်ဖိုးမဖြတ်နိုင် ဂုဏ်ဒြပ်။
- ❐ လူတိုင်းသက်တမ်းစေ့ နေထိုင်၍
  ရောဂါကင်းစေ သက်ရှည်ပေ့
  ရည်မှန်းချက်မွေ့ ဆောင်ရွက်လေ့။
- ❐ အဓိကရောဂါ ခြောက်မျိုးမှာ
  တီဘီရောဂါ ထိပ်ဆုံးပါ
  စနစ်အတိုင်းသာ ဆေးကုသ
  ရောဂါပျောက်ဖို့ စိတ်သာချ။
- ❐ အိတ်ချ်အိုင်ဗွီပိုး ရှိနေစဉ်
  တီဘီပိုးက ထပ်ဆင့်ဝင်
  ဉာဏ်ယှဉ်ကုသ ခဲ့ပါက
  တီဘီရောဂါ ပျောက်ကင်းပ။
- ❐ တီဘီရောဂါ တိုက်ဖျက်ရာ
  ကုထုံးသစ်များ ပေါ်ပေါက်လာ
  ဝေဒနာရှင်များ ကျန်းမာရေး
  ကြီးကြပ် ကြပ်မတ် စဉ်မနေး
  အားလုံးအရေး မြော်မြင်တွေး
  နီးကြားတက်ကြွ ဆောင်ရွက်ပေး။ ။

ဒေါက်တာသန်းဦး

ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၁၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှ အပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီ စင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင်မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်မှာ သာယာဝတီမြို့တွင် ၃၉ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဟဲဟိုးမြို့တွင် ၁ဒသမ ၁၄လက်မ၊ ပင်လောင်းမြို့တွင် ၀ဒသမ၃၉လက်မ၊ တောင်ကြီးမြို့တွင် ၀ဒသမ၃၅ လက်မနှင့် ရမည်းသင်းမြို့တွင် ၀ဒသမ၂၈လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ်၂၀ရက် ညနေအထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား တရုတ်ညွှဲတွေ့ဆုံ ဘက်စုံသုံး ဒီဇယ်အင်ဂျင်နှင့်ပတ်သက်၍ အမြန်အကောင်အထည်ဖော်ရေး ဆွေးနွေးခဲ့

နေပြည်တော် မတ် ၁၉

အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား China New Era Co.,Ltd.မှ General Manager, Mr. Shou Jinsong နှင့် Chief Engineer, Mr.Xue Jiangi တို့သည် မတ် ၁၇ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ညှိနှိုင်းခန်း၌ လာရောက်တွေ့ဆုံကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် China New Era Co.,Ltd. တို့ ပူးပေါင်းဆောင်ရွက်မည့် ဘက်စုံသုံး ဒီဇယ်အင်ဂျင် Modification ကိစ္စရပ်များနှင့် ယခုနှစ်ဆောင်ရွက်မည့် Engine Transmission Project ဆိုင်ရာကိစ္စများ အမြန် အကောင်အထည်ဖော်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ် စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း လမ်းများအဆင့်မြှင့်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် မတ် ၁၇ရက် နံနက်ပိုင်းက လှိုင်သာယာမြို့နယ်သို့သွားရောက်ပြီး အမှတ် (၂)ရပ်ကွက်မှ အရှည်ပေ ၂၀၂၀နှင့် အကျယ် ၁၈ပေရှိ နဝဒေးလမ်းနှင့် အမှတ်(၁၀) ရပ်ကွက်မှ အရှည်ပေ ၂၁၀၀ နှင့် အကျယ်ပေ ၄၀ရှိ တောင်တွင်းကြီးလမ်း ကျောက်ချော ကတ္တရာလမ်း အဆင့်မြှင့်ဆောင်ရွက်မည့် အခြေအနေများ၊ အမှတ်(၁၁)ရပ်ကွက်မှ အရှည် ၂၀၄၅ပေ နှင့် အကျယ် ၁၀ပေရှိ သခင်မြလမ်း ကျောက်ချောကတ္တရာလမ်း အဆင့်မြှင့် ဆောင်ရွက်နေမှု၊ အမှတ်(၂၀)ရပ်ကွက်မှ အရှည်ပေ ၃၈၅၀နှင့် အကျယ်ပေ ၂၀ရှိ ငွေလမင်း လမ်း ကျောက်ချောကတ္တရာခင်းမည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြို့တော်ဝန်သည် ရွှေပြည်သာမြို့နယ်သို့ သွားရောက်ပြီး အမှတ် (၁၁)ရပ်ကွက်မှ အရှည်ပေ ၅၄၀၀နှင့် အကျယ် ၁၈ပေရှိ ရန်ကြီးအောင်လမ်းနှင့် အမှတ်(၂၃)ရပ်ကွက်မှ အရှည်ပေ ၁၄၆၀နှင့် အကျယ် ၁၈ပေရှိ ရွာလယ်လမ်းကျောက်ချော ကတ္တရာလမ်း အဆင့်မြှင့်ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန် ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်တွင်း ရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးတင့် မိုးလေဝသအကြောင်း သိကောင်း စရာနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ပါက ရေယာဉ်များ နား ခိုရာနေရာသို့သွားရောက်ရန် စီမံချက် ရှင်းလင်းဟောပြောပွဲတွင်အမှာစကား ပြောကြားစဉ်။ (ပို့ဆောင်ရေး)

မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောသရုပ်ပြ

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်းအတွင်း မီးလောင်မှုများ လျော့နည်းပပျောက်စေရေးအတွက် ရန်ကုန် တိုင်း မီးသတ်ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့စီးပွားရေးဘဏ်(ကမာရွတ်)မှ ဝန်ထမ်း များအား မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို မတ် ၁၄ရက် နံနက် ပိုင်းက အဆိုပါဘဏ်ဝင်းအတွင်း ပြုလုပ်သည်။

လက်တွေ့သရုပ်ပြ

အခမ်းအနားတွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ(ကမာရွတ်)မန်နေဂျာ ဦးကိုကိုအောင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်တပ်စုမှူး ဦးအောင် အောင်ဦးက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး ဝန်ထမ်းများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြောင်း သိရသည်။ (အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

မိုးလေဝသအကြောင်းသိကောင်းစရာနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ရေယာဉ်များနားခိုရာနေရာသို့သွားရောက်ရန် စီမံချက်ရှင်းလင်းဟောပြော

ရန်ကုန် မတ် ၁၉

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ရေကြောင်းဌာန မိုးလေဝသအကြောင်း သိကောင်းစရာနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ပါက ရေယာဉ်များနားခိုရာနေရာသို့ သွားရောက် ရန်စီမံချက် ရှင်းလင်းဟောပြောပွဲကို မတ် ၁၇ရက် နံနက်၁၀နာရီက ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်း ဧရာခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြား ရေးမှူး ဦးစိုးတင့်နှင့်ဌာနမှူးများ၊ ဌာနခွဲမှူး များ၊ ရေယာဉ်မှူးများ၊ စက်ခန်းမှူးများ၊ ရေယာဉ်အုပ်များ၊ စက်ခန်းအုပ်များနှင့် ရေယာဉ်ဝန်ထမ်းများ တက်ရောက်ကြ သည်။

အမှာစကား

ရှေးဦးစွာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားရာ၌ ရေယာဉ်မှူး၊ စက်ခန်းအုပ်များအနေဖြင့် လာမည့် မုန်တိုင်းရာသီကာလအတွင်း မုန်တိုင်းကျရောက်ပါက နားခိုရမည့်နေရာ များ၊ ကြိုတင်စီမံရမည့် အချက်များကို တိတိကျကျ နားလည်သဘောပေါက်ရန်၊ မရှင်းလင်းက မေးရန်၊ ယမန်နှစ်အတွေ့ အကြုံကိုအခြေခံပြီး မုန်တိုင်းကျရောက်ပါက ရန်ကုန်မြစ်အတွင်း ရေယာဉ်များမရှိစေရေး ဆောင်ရွက်ရန်နှင့် ရေကြောင်းပို့ဆောင်ရေး ဆိုင်ရာ သဘာဝဘေးဒဏ် ကြိုတင်ကာကွယ် ရေးလုပ်ငန်းစီမံချက်ကိုအခြေခံပြီး ဇာတ် တိုက် လေ့ကျင့်မှုအနေဖြင့် မိမိနားခိုရမည့် နေရာများကိုသွားရောက်စစ်ဆေးရန် စသည် ဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဒုတိယရေကြောင်းဌာန မှူးချုပ်ဦးဝင်းသိန်းက မိုးလေဝသအကြောင်း သိကောင်းစရာများကို ပါဝါပွိုင့်ဖြင့်ရှင်းလင်း ပြောကြားပြီး ရေကြောင်းဌာနမှူးချုပ်ဦးမြင့် ဆွေက ရေကြောင်းပို့ဆောင်ရေးဆိုင်ရာ သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်ရေး လုပ်ငန်း စီမံချက်များကို ရှင်းလင်းပြောကြား ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောက်မဲအသင်း(ရန်ကုန်) ပထမအကြိမ် အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၁၉

ကျောက်မဲအသင်း(ရန်ကုန်)၏ ပထမအကြိမ် အစည်းအဝေးကို မတ် ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘောဇ သာသနာ့ဗိမာန်ကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရေစကြိုမြို့မဈေး၌ မီးဘေးကာကွယ်ရေး သရုပ်ပြဇာတ်တိုက်

ရေစကြို မတ် ၁၉

မကွေးတိုင်း ရေစကြိုမြို့ အောင်မြေသာယာကျောင်းတော်ကြီးနှင့် မြို့မဈေးကြီးကြား အမှတ်(၃)ရပ်ကွက်တွင် ဖေဖော်ဝါရီ ၂၅ရက် ညနေ ၄ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပွင့်လင်းရာသီ မီးသရုပ်ပြ ဇာတ်တိုက် လေ့ကျင့်မှုပြုလုပ်ရာသို့ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်း၊ နယ်မြေ(၃) ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များ၊ မြို့မဈေးကြီးမှ ဈေးသူဈေးသားများ ကြည့်ရှုအားပေးကြသည်။ (ဝ၆၉)

ဟိုပန်၌ လမ်းသန့်ရှင်းရေးနှင့် ရေနုတ်မြောင်းရှင်းလင်း

ဟိုပန် မတ် ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်တင့်နှင့် ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့ ဦးဆောင်ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ရပ်ကွက်သူ ရပ်ကွက်သားများ စုပေါင်းကာ ဖေဖော်ဝါရီ ၂၁ ရက် နံနက်က ပန်လုံရပ်ကွက် လမ်းဘေးဝဲယာသန့်ရှင်းရေးအတွက် အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက် ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် ပြည်သူ့ဆေးရုံတွင် မုံရွာခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်နှင့် အနီးပတ်ဝန်းကျင်ဒေသများမှ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းစမ်းသပ်စစ်ဆေး၊ ခွဲစိတ်ကုသ

နေပြည်တော် မတ် ၁၉

စစ်ကိုင်းတိုင်း မုံရွာခရိုင်နှင့် အနီးပတ်ဝန်းကျင်ဒေသများရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းစမ်းသပ်စစ်ဆေး ခွဲစိတ်ကုသပေးပွဲကို မတ် ၁၀ရက်မှ ၁၈ ရက်အထိ စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

စစ်ဆေးမှုခံယူ

အဆိုပါ ကုသပွဲသို့ မုံရွာခရိုင်အတွင်းရှိ ချောင်းဦး၊ ဘုတလင်၊ အရာတော်၊ မုံရွာ၊ ယင်းမာပင်၊ ဆားလင်းကြီး၊ ကနီနှင့် ပုလဲမြို့နယ်များအပြင် မင်းကင်း၊ တန့်ဆည်၊ မြိုင်စသည့် မြို့နယ်ပေါင်း ၁၁ မြို့နယ်မှ မျက်စိဝေဒနာရှင်ပေါင်း ၄၄၇၉ ဦးသည် မြို့နယ်အလိုက် သတ်မှတ်ထားသည့် ရက်များတွင် ပုလဲမြို့သို့ လာရောက်၍ စမ်းသပ်စစ်ဆေးကုသမှုခံယူကြသည်။

မျက်စိဝေဒနာရှင်များ သွားလာရေးအတွက် သက်ဆိုင်ရာမြို့နယ်များက စီစဉ်ပေးသော မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုနေထိုင်ရန် စီစဉ်ထားသည့် ပုလဲမြို့နယ် လက်တောင်းကြီးစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ တည်းခိုရေးစခန်းသို့ လာရောက်၍ စုစည်းတည်းခိုကြသည်။

တွဲဖက်ဖွင့်လှစ်

ခေတ္တတည်းခိုရေးစခန်း၌ မျက်စိဝေဒနာရှင်များ လွယ်ကူသက်သာစွာ စားသောက်နိုင်ရန်အတွက် လူမှုရေးအသင်းအဖွဲ့များက ထမင်း၊ ဟင်းနှင့် စားသောက်ဆိုင်များ၊ အခြေခံလူသုံးကုန်ပစ္စည်းများကို လွယ်လင့်တကူ သက်သာစွာ ဝယ်ယူနိုင်ရန်အတွက် ဝင်းသူဇာအရောင်းဆိုင်တို့ကို ဖွင့်လှစ်ပေးထားပြီး အနီးကပ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် စစ်ကိုင်းတိုင်း ကျန်းမာရေးဦးစီးဌာနမှ နယ်လှည့်ကျန်းမာရေးဆေးပေးခန်းတစ်ခုကို တွဲဖက်ဖွင့်လှစ်ပေးထားသည်။

ထို့အပြင် သက်ဆိုင်ရာမြို့နယ်အလိုက် ဒေသအာဏာပိုင်များက မျက်စိဝေဒနာရှင်များ ခေတ္တတည်းခိုနေထိုင်ရာ လက်တောင်းကြီးစံပြကျေးရွာမှ မျက်စိစမ်းသပ်စစ်ဆေးခွဲစိတ်ကုသမည့် ပုလဲမြို့နယ် ပြည်သူ့ဆေးရုံသို့ မော်တော်ယာဉ်များဖြင့် နေ့စဉ်ပို့ကြိုဆောင်ရွက်ပေးကြသည်။

စောင့်ရှောက်ကူညီ

မျက်စိဝေဒနာရှင်များအား စစ်ဆေးစမ်းသပ်ခွဲစိတ်ကုသပေးသည့် ပုလဲမြို့နယ်ပြည်သူ့ဆေးရုံတွင် လူနာ မှတ်ပုံတင်သည့်နေရာ၊ မျက်စိရောဂါ အမျိုးအစားခွဲခြားသတ်မှတ်နိုင်ရန်အတွက် စမ်းသပ်စစ်ဆေးသည့်နေရာ၊ မျက်စိခွဲစိတ်ကုသမှုခံယူရန်လိုအပ်သည့် ဝေဒနာရှင်များ ခွဲစိတ်ကုသမှုခံယူနိုင်ရန်အတွက် သွေးချို၊ ဆီးချိုနှင့် သွေးပေါင်စစ်ဆေးသည့်နေရာ၊ မျက်စိအားနည်း အနီးမှုန်၊ အဝေးမှုန် ဝေဒနာရှင်များအတွက် မျက်မှန်ကျွမ်းကျင် ပညာရှင်များက တိုင်းတာစစ်ဆေးပေးပြီး ပါဝါမျက်မှန်များ အခမဲ့ ပြုလုပ်တပ်ဆင်ပေးသည့်နေရာ၊ မျက်စိခွဲ၊ မျက်ရည်အိတ်ပိတ်ရောင်၊ မျက်ခွံအလုံးဖြစ်၊ မျက်တောင်စိုက်၊ မျက်သားတက်ဝေဒနာရှင်များအား အသေးစား ခွဲစိတ်ကုသပေးသည့်နေရာ၊ အတွင်းတိမ်၊ ရေတိမ်ဝေဒနာရှင်များ ကုသရန်အတွက် အကြီးစား ခွဲစိတ်ကုသခန်း၊ ဝေဒနာရှင်များအား ဆရာဝန်ညွှန်ကြားသည့် ဆေးဝါးများထုတ်ပေးသည့်နေရာနှင့် ရပ်ဝေးမှ ဝေဒနာရှင်များအား ထမင်း၊ ဟင်းနှင့် ရေသန့် အခမဲ့ ဝေငှသည့်နေရာစသည်ဖြင့် နေရာများ စနစ်တကျခွဲခြားသတ်မှတ်ထားရှိပြီး ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံတာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ဝေဒနာရှင်လူနာများအား လိုအပ်သည့် စောင့်ရှောက်ကူညီမှုများ မပြတ်ဆောင်ရွက်ပေးကြသည်။

အားပေးစကားပြောကြား

ထို့အပြင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ဆရာဝန်ကြီးများကလည်း ဝေဒနာရှင်များ ခေတ္တတည်းခိုသည့်နေရာတွင် အဆင်ပြေစွာတည်းခိုနေထိုင်စားသောက်နိုင်ရေးအတွက် ကြပ်မတ်ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ လူနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးခြင်း၊ ခွဲစိတ်ပြီးလူနာများအား နေကာမျက်မှန်များကို အခမဲ့တပ်ဆင်ပေးခြင်း၊ ဝေဒနာရှင်များအား ကူညီစောင့်ရှောက်မှုပေးနေသည့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များကို အားပေးမှာကြားခြင်း၊ ပုလဲမြို့နယ် ပြည်သူ့ဆေးရုံသို့ နေ့စဉ်သွားရောက်၍ မြို့နယ် ၁၁မြို့နယ်မှ လာရောက်ဆေးကုသမှုခံယူကြသော မျက်စိဝေဒနာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားခြင်း၊ စမ်းသပ်စစ်ဆေးမှုဆောင်ရွက်ပေးနေကြသည့် ကျန်းမာရေးဝန်ထမ်းများကို အားပေးမှာကြားခြင်း၊ အနီးကြည့်၊ အဝေးကြည့်မျက်မှန် စမ်းသပ်ဆောင်ရွက်ပေးသည့်နေရာတွင် ဝေဒနာရှင်များကို အားပေးခြင်း၊ မျက်မှန်အခမဲ့တပ်ဆင်ပေးခြင်း၊ အသေးစားခွဲစိတ်ခန်း၊ အကြီးစားခွဲစိတ်ခန်းများတွင် ခွဲစိတ်ကုသပေးနေကြသော ဆရာဝန်ကြီးများအား နှုတ်ဆက်အားပေးခြင်းနှင့် ခွဲစိတ်ပြီးစလူနာများအား အားပေးစကား ပြောကြားခြင်းများကို နေ့စဉ်ကြပ်မတ် ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ခွဲစိတ်ကုသ

အလှူရှင် ရွှေတောင် ကုမ္ပဏီနှင့် အောင်အောင်အင်တာပရိုက်တို့၏ လှူဒါန်းပံ့ပိုးမှုတို့ဖြင့် မုံရွာခရိုင်အတွင်းရှိ မြို့နယ်များနှင့် ပတ်ဝန်းကျင်ဒေသများမှ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်စစ်ဆေးခွဲစိတ်ကုသပေးသည့် ပုလဲမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ စစ်ကိုင်းတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရှိန်၊ ဒုတိယကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်လင်းခေါင်းဆောင်၍ မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသော ဒေါက်တာတင်ထားရီ၊ဒေါက်တာဌေးဌေးရီ၊ဒေါက်တာမေချိုချိုအေး၊ ဒေါက်တာတင်မျိုးသန့်၊ ဒေါက်တာမြတ်စုခင်နှင့် ဒေါက်တာမောင်မောင်မြင့်တို့ ပါဝင်သည့်အဖွဲ့နှင့် မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်းဆေးရုံမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာယဉ်ယဉ်မြတ်ခေါင်းဆောင်၍ ဒေါက်တာတင်မောင်သန်း၊ မျက်မှန်ကျွမ်းကျင်ပညာရှင်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်သည့်အဖွဲ့ပူးပေါင်းအဖွဲ့ နှစ်ဖွဲ့တို့သည် ပုလဲမြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာစိန်လင်းနှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၏ အထောက်အကူပြုမှုကို ရယူ၍ မတ်၁၀ရက်မှ ၁၈ရက်အထိ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်စစ်ဆေးခွဲစိတ်ကုသပေးခဲ့ကြရာ အကြီးစားခွဲစိတ်ကုသသည့် မျက်စိဝေဒနာရှင်ပေါင်း ၂၈၇ဦး၊ အသေးစား ခွဲစိတ်ကုသသည့် မျက်စိဝေဒနာရှင်ပေါင်း ၃၂၃ဦး၊ မျက်စိစမ်းသပ် မျက်မှန်တပ်ဆင်ရသည့် မျက်စိဝေဒနာရှင်ပေါင်း ၉၅၀၊ သာမန် မျက်စိရောဂါအတွက် ဆေးဝါးစောင့်ရှောက်မှုခံယူရသည့် ဝေဒနာရှင်ပေါင်း ၂၉၁၉ဦး စုစုပေါင်း ၄၄၇၉ဦးတို့အား အောင်မြင်စွာ စမ်းသပ်စစ်ဆေးခွဲစိတ်ကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေကာမျက်မှန်များတပ်ဆင်ပေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မုံရွာခရိုင်နှင့် အနီးပတ်ဝန်းကျင်ဒေသများရှိ မျက်စိခွဲစိတ်ပြီးလူနာများအား နေကာမျက်မှန်များ တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

ခွဲစိတ်ကုသပေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများ မုံရွာခရိုင်နှင့် အနီးပတ်ဝန်းကျင်ဒေသများရှိ မျက်စိဝေဒနာရှင်များအား ပုလဲမြို့ ပြည်သူ့ဆေးရုံတွင် မျက်စိခွဲစိတ်ကုသပေးနေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်စစ်သမိုင်းပြတိုက် (ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၉ မှ ၄-၄-၂၀၀၉)

(ရဟန်းရှင်လူပြည်သူများအား အခမဲ့ဖွင့်လှစ်ပြသသွားပါမည်)

(၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် တပ်မတော်စစ်သမိုင်းပြတိုက် အခမဲ့ဖွင့်လှစ်ပြသမည်

ရန်ကုန် မတ် ၁၉

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်ကို မတ် ၂၇ရက်တွင် ကျရောက်မည့် (၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ရဟန်းရှင်လူပြည်သူများအား မတ် ၂၆ရက်မှ ဧပြီ ၄ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ အခမဲ့ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသိဉာဏ်ပစ္စည်းမိတ်ဆက်သင်တန်း ဖွင့်လှစ်

သတင်းမှတ်စု-မောင်မောင်မြင့်ဆွေ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၉

မြန်မာနိုင်ငံ ရှေးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)နှင့် Aung Soe & Ace Top Intellectual Property Services တို့ ပူးပေါင်း ပြုလုပ်သည့် အနုပညာလက်ရာများနှင့် စီးပွားရေးဆိုင်ရာ တီထွင်မှုများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် မူပိုင်ခွင့်နှင့် အသိဉာဏ်ပစ္စည်း မိတ်ဆက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံရှေးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)၌ မတ် ၁၉ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရှေးရာပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးသောင်းဟန်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက ပါဝင်ဆွေးနွေးခဲ့ကြသည်။ ဤသင်တန်းသည် အသိဉာဏ် ပစ္စည်းနှင့် ပတ်သက်သော မိတ်ဆက်သည့် အခြေခံသင်တန်းတစ်ခုဖြစ်သည်။

ယခုသင်တန်း၌စာပေနှင့် အနုပညာဆိုင်ရာ မူပိုင်ခွင့်(Copy Right)ကို အလေးထားပို့ချသွားမည်ဖြစ်သည်။ ရှေးရာပန်းပညာရှင်များအနေဖြင့် မိမိတို့၏ အနုပညာပစ္စည်း၊ အသိဉာဏ်ပစ္စည်းများကိုမည်သို့ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်ကို သိရှိထားရန် လိုအပ်သဖြင့် ဤသင်တန်းဖွင့်လှစ်ခြင်းလည်း ဖြစ်သည်။

မြန်မာနိုင်ငံ ရှေးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)နှင့် Aung Soe & Ace Top Intellectual Property Services တို့၏ ပညာရေး ထောက်ကူမှု အစီအစဉ် သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ ရှေးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးသောင်းဟန် အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

အထူးပို့ချ

မြန်မာ့ရှေးရာ ပန်းပညာရှင်များ အပါအဝင် စာပေ၊ဂီတ၊ရုပ်ရှင် အစရှိသည့် အနုပညာများနှင့် စီးပွားရေးလုပ်ငန်းရပ်များအတွင်း၌ မိမိတို့ဖန်တီးသောအနုပညာလက်ရာများနှင့် စီးပွားရေးဆိုင်ရာ တီထွင်မှုများကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရန် မူပိုင်ခွင့်နှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ ပညာရပ်များကို မြန်မာ့ရှေးရာ ပန်းပညာရှင်များအတွက် အထူးပို့ချပေးသွားမည် ဖြစ်သည်။

ယခုသင်တန်းသည် စီးပွားရေးအရ ဖွင့်လှစ်သည့် သင်တန်းမဟုတ်သဖြင့် မည်သူမဆို အခမဲ့ တက်ရောက်ကာ ပါဝင်ဆွေးနွေးနိုင်ကြောင်း၊ သီတင်းအပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉နာရီမှ ၁၁နာရီအထိ ဆွေးနွေးပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

၂၀၀၈ ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲ ရန်ကုန်၌ကျင်းပမည်

ရန်ကုန် မတ် ၁၉

၂၀၀၈ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ရရှိသူများ၏ စာရင်းများကို မတ် ၁၇ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၃၀ရက်(တနင်္လာနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် Grand Ballroom ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆုရသူများသည် သက်ဆိုင်ရာဌာနများသို့ မတ် ၂၈ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် သတင်းပို့ကြရမည်ဖြစ်ကြောင်းသိရသည်။

နှိုးဆော်ထား

အစမ်းလေ့ကျင့်ပွဲ အခမ်းအနားကို မတ် ၂၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် ၅၂၉-၅၃၁ရှိ စာပေဗိမာန်ခန်းမကြီးတွင် ပြုလုပ်မည်ဖြစ်ရာ ဆုရသူများအားလုံး မပျက်မကွက်တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံမှ စင်ကာပူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးဆက်လက်လည်ပတ်ရန်ရောက်ရှိ

စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်က အခမ်းအနားဖြင့်ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းက စင်ကာပူမြို့ Istana သမ္မတအိမ်တော်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၉

အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် စင်ကာပူသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် မတ်၁၇ရက် နံနက်ပိုင်းတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ ဟာလင်ပါဒါ နာကူဆူမာ လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား စင်ကာပူသမ္မတနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ခေတ္တဝန်ကြီး H.E. Mr. Gan Kim Yong စင်ကာပူသမ္မတနိုင်ငံ ချန်ဂီလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Nur Hassan Wirajuda၊ ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီး H.E.Mr. Mohammad Nuh၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဉာဏ်လင်းနှင့် ဇနီး ဒေါ်ခင်မာနွယ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Sebastianus Sumarsono၊ ဂျကာတာမြို့ အုပ်ချုပ်ရေးမှူး Dr. Ing. H. Fauzi Bowo နှင့် တာဝန်ရှိသူများက ဂျကာတာမြို့ ဟာလင်ပါဒါ နာကူဆူမာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၈နာရီတွင် ဂျကာတာမြို့ ဟာလင်ပါဒါ နာကူဆူမာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၁နာရီ မိနစ်၄၀တွင် စင်ကာပူသမ္မတနိုင်ငံ ချန်ဂီလေဆိပ်သို့ ရောက်ရှိကြသည်။

ခရီးဦးကြိုဆို

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းမြင့်နှင့် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ခေတ္တသံတမန်ရေးရာအကြီးအကဲ Mr. Richard Grosse တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား စင်ကာပူသမ္မတနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ခေတ္တဝန်ကြီး H.E.Mr. Gan Kim Yong နှင့် ကြိုဆိုရေးအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ စင်ကာပူသမ္မတနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ခေတ္တဝန်ကြီး၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ချန်ဂီလေဆိပ်မှ ခေတ္တတည်းခိုမည့် စင်ကာပူမြို့ Marina Mandarin ဟိုတယ်သို့ အထူးယာဉ်တန်းဖြင့် ထွက်ခွာကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းတို့ စင်ကာပူမြို့ Istana သမ္မတအိမ်တော်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

ပန်းကုံးစွပ်ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား စင်ကာပူမြို့ Marina Mandarin ဟိုတယ်၌ စင်ကာပူအမျိုးသမီးငယ်တစ်ဦးက ပန်းကုံးစွပ်၍ ကြိုဆိုသည်။

ထို့အတူ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ မြန်မာအမျိုးသမီးငယ်လေးတစ်ဦးက ပန်းစည်းပေးအပ်၍ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းမြင့်၏ ဇနီး ဒေါ်ခင်ဝင်းမြင့်နှင့် သံရုံးဝန်ထမ်းများ၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

တက်ရောက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် စင်ကာပူမြို့ Istana သမ္မတအိမ်တော်၌ ကျင်းပမည့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၏ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် ခေတ္တတည်းခိုသည့် Marina Mandarin ဟိုတယ်မှ အထူးယာဉ်တန်းဖြင့် ထွက်ခွာခဲ့ကြသည်။

ကြိုဆိုနှုတ်ဆက်

ယင်းနောက် မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် Istana သမ္မတအိမ်တော်သို့ ရောက်ရှိလာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းက ကြိုဆိုနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် အလေးပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထို့နောက် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် စင်ကာပူသမ္မတနိုင်ငံ သီချင်းတို့ကို တီးမှုတ်သည်။

အလေးပြုခြင်းခံယူ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းနှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးပြီး အလေးပြုခံစင်မြင့်သို့ သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ထပ်မံခံယူသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် Istana သမ္မတအိမ်တော် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသော ဝန်ကြီးများ၊ သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ်က စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်အား အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးပြီး ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းတို့ စင်ကာပူမြို့ Istana သမ္မတအိမ်တော်၌ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

နောင်ဖြစ်ပေါ်လာမည့်အစိုးရ ခိုင်ခိုင်မာမာရပ်တည်နိုင်ရန်အတွက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးတို့ကို အလေးထားဆောင်ရွက်ပေးနေ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

တရားဥပဒေစိုးမိုးပြီး စီးပွားရေးအတွက် အခြေခံကောင်းများ တည်ဆောက်ပြီးလျှင် မြန်မာနိုင်ငံသည် မကြာမီကာလတွင် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမည်ဟုယုံကြည်

စင်ကာပူသမ္မတနိုင်ငံ Senior Minister Goh Chok Tong

နေပြည်တော် မတ် ၁၉

စင်ကာပူသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၁၇ရက် ညနေ ၅ နာရီခွဲတွင် စင်ကာပူမြို့ရှိ Istana သမ္မတအိမ်တော်သို့ သွားရောက်၍ စင်ကာပူသမ္မတနိုင်ငံ Senior Minister Goh Chok Tong အား တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဝင်းမြင့်တို့ တက်ရောက်ကြသည်။

ထို့အတူ Senior Minister Goh Chok Tong နှင့်အတူ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. George Yeo၊ အလုပ်သမားဝန်ကြီးဌာန ခေတ္တဝန်ကြီး H.E.Mr. Gan Kim Yong နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua Hian Kong တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ Senior Minister Goh Chok Tong က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အစိုးရအဖွဲ့ရုံးများ နေပြည်တော်သို့ ပြောင်းရွှေ့ပြီးလုပ်ငန်းများဆောင်ရွက်မှု၊ နိုင်ငံတော်တာဝန်ကို ရယူချိန်တွင် ရှိခဲ့သည့် နိုင်ငံအခြေအနေ၊ ယနေ့နိုင်ငံတော် ဖွံ့ဖြိုးနေမှု အခြေအနေ၊ စီးပွားရေးအခြေခံကောင်းများ ချမှတ်ဆောင်ရွက်ပေးခဲ့သည့် နည်းတူ ပညာရေးကဏ္ဍကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးမှု၊ မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်ခဲ့မှုအခြေအနေ၊ ယခုအခါ စတုတ္ထအဆင့်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူများ၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း ထောက်ခံမှုဖြင့် အတည်ပြုနိုင်မှုနှင့် ကျန်ရှိသည့် လုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ ၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့်အခြေအနေ၊ နောင်ဖြစ်ပေါ်လာမည့်အစိုးရ ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရန်အတွက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးတို့ကို အလေးထား ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယုံကြည်

ယင်းနောက် Senior Minister Goh Chok Tong က ဤကဲ့သို့ အကျယ်တဝင့် ရှင်းပြမှုကို ကျေးဇူးတင်ကြောင်း၊ တရားဥပဒေစိုးမိုးပြီး စီးပွားရေးအတွက် အခြေခံကောင်းများ တည်ဆောက်ပြီးလျှင် မြန်မာနိုင်ငံသည် မကြာမီကာလတွင် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ကြောင်းပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ Senior Minister Goh Chok Tong အား စင်ကာပူမြို့ Istana သမ္မတ အိမ်တော်၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပူးပေါင်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့ အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်ဖွံ့ဖြိုးလာစေရန် ပူးပေါင်းဆောင်ရွက်နိုင်သည့် အလားအလာများကို စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ဆွေးနွေးပြောကြားခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၌ သဘာဝအရင်းအမြစ်များစွာရှိပြီး စင်ကာပူသမ္မတနိုင်ငံသည် အတတ်ပညာနှင့် အရင်းအနှီးကြွယ်ဝသည့် အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်းပြောကြားသည်။

ယင်းနောက် Senior Minister Goh Chok Tong က ယခုကဲ့သို့ရင်းနှီးပွင့်လင်းစွာ ပြောကြားခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စင်ကာပူသမ္မတနိုင်ငံသို့လာရောက်လည်ပတ်ပါရန် ဖိတ်ကြားကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဝင်းမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး စင်ကာပူ သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E Mr. George Yeo၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E Mr.Lim Hng Kiang၊ အလုပ်သမားဝန်ကြီးဌာန ခေတ္တဝန်ကြီး H.E Mr.Gan Kim Yong၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr.Robert Chua Hian Kong နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ဝမ်းမြောက်စကား ပြောကြားပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။ ဆက်လက်၍ စင်ကာပူသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏နိုင်ငံတကာကုန်သွယ်မှုနှင့် ပြည်ပထွက်ပေါက် ဗဟိုအချက်အချာတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သောကြောင့် အာဆီယံလွတ်လပ်သော ကုန်သွယ်နယ်မြေအတွင်း သတ်မှတ်ထားရှိချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

တိုးမြှင့်တင်ပို့ဆောင်ရွက်

မြန်မာနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံများအနက် စင်ကာပူသမ္မတနိုင်ငံသည် တတိယ အများဆုံးနေရာတွင် ရှိနေပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှု ဆက်လက်တိုးတက်စေရန် နှစ်နိုင်ငံမှ အဆင့်မြင့်အရာထမ်းများ၊ ပုဂ္ဂလိကကုန်သည် အသင်းအဖွဲ့များ အချင်းချင်း ကုန်သွယ်ရေး၊ ဈေးကွက်ပိုမိုတိုးချဲ့နိုင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ စင်ကာပူသမ္မတနိုင်ငံအနေဖြင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းတွင် အဆင့်(၃)နေရာ၌ ရှိနေကြောင်း၊ ဆက်လက်ပြီး ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များ ပိုမိုတိုးချဲ့၍ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ကြောင်း၊ မြန်မာနိုင်ငံ၌ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စင်ကာပူအစိုးရ၏ ကူညီဆောင်ရွက်မှုများကို ကျေးဇူးတင်ပါကြောင်း၊ စင်ကာပူသမ္မတနိုင်ငံသည် မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချသော နိုင်ငံ စာရင်းတွင် ထိပ်တန်းမှပါရှိကြောင်း၊ လာမည့်အနာဂတ်တွင် စင်ကာပူနိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများ ပိုမိုတိုးမြှင့်တင်ပို့ဆောင်ရွက်သွားလိုကြောင်း။

ဆွေးနွေး

ထို့ပြင် ခရီးသွားလုပ်ငန်းကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ အစားအသောက်များ အန္တရာယ်ကင်းရှင်းရေးလုပ်ငန်း၊ ဇီဝဆေးပညာ၊ တိုင်းရင်းဆေးပညာ သုတေသနလုပ်ငန်းများတွင် တိုးမြှင့်ဆောင်ရွက်လိုကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းနောက် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်က မြန်မာနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုပြုလုပ်နိုင်သည့် ကဏ္ဍများကို သိရှိရသည့်အတွက် များစွာအကျိုးရှိကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံချင်းသာမက အာဆီယံပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်တွင်လည်း ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ကုန်သွယ်မှု၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများတွင် အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ ရှေးဟောင်းအနုပညာလက်ရာများကို စင်ကာပူ၌ပြသနိုင်ပါက မြန်မာနိုင်ငံအကြောင်း ပိုမိုသိရှိလာပြီး မြန်မာနိုင်ငံသို့ ခရီးသည်များ ပိုမိုဝင်ရောက်လာမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

အကျိုးဖြစ်ထွန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့ အကြား ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် သဘာဝသယံဇာတများ ပေါများကြွယ်ဝသည့်အတွက် စင်ကာပူသမ္မတနိုင်ငံမှ အတတ်ပညာနှင့် အရင်းအနှီးတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် များစွာအကျိုးဖြစ်ထွန်းစေနိုင်ကြောင်း၊ ဟိုတယ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတွင် မြန်မာနိုင်ငံ၌ သာယာလှပသည့်ကမ်းခြေများ၊ နှင်းများ ဖုံးလွှမ်းနေသည့် တောင်တန်းများရှိပြီး စင်ကာပူသမ္မတနိုင်ငံ၏ အတွေ့အကြုံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါက များစွာအကျိုးဖြစ်ထွန်းနိုင်ကြောင်း၊ ယဉ်ကျေးမှုပြပွဲ ကျင်းပရန် အကြံပြုချက် ကောင်းမွန်ပါသဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပြောကြား

ယင်းနောက် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်က နှစ်နိုင်ငံအကျိုးဖြစ်ထွန်းမည့် လုပ်ငန်းကဏ္ဍများကို လုပ်ဆောင်နိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကပိုင်းကို တိုက်တွန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

20-3 (07).pmd 1 3/20/2009, 2:36 AM

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စင်ကာပူမြို့ Istana သမ္မတအိမ်တော်၌ကျင်းပသည့် ဂုဏ်ပြု ညစာစားပွဲတွင် ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း စင်ကာပူမြို့ Istana သမ္မတအိမ်တော်၌ ကျင်းပသည့် ဂုဏ်ပြု ညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

စင်ကာပူနိုင်ငံသည် မြန်မာနိုင်ငံ၏ကုန်သွယ်ဖက်နိုင်ငံများအနက် တတိယနေရာမှာရှိ မြန်မာ့ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းမှာလည်း အဆင့်(၃)နေရာမှာရှိ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

မြန်မာနိုင်ငံ ဆိုင်ကလုန်းမုန်တိုင်းကာလလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုများတွင် ကူညီပံ့ပိုးပေးသွားမည်

စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲကို မတ် ၁၇ရက် ညပိုင်းတွင် စင်ကာပူမြို့ သမ္မတအိမ်တော်၌ ကျင်းပသည်။

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းနှင့်အတူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mah Bow Tan၊ ပို့ဆောင်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး(၂) H.E. Mr. Raymond Lim၊ အလုပ်သမားဝန်ကြီးဌာန ခေတ္တဝန်ကြီး H.E. Mr. Gan Kim Yong၊ ကျန်းမာရေးနှင့် စက်မှုဝန်ကြီးဌာန တွဲဖက်ဝန်ကြီး H.E. Mr. Lee Yi Shyan၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong၊ စင်ကာပူအခြေစိုက် အာဆီယံသံအမတ်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ဂုဏ်ပြုညစာစားပွဲတွင် ရှေးဦးစွာ Reception Room ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းက ခင်မင်ရင်းနှီးစွာကြိုဆိုနှုတ်ဆက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်အား ညစာစားပွဲသို့ တက်ရောက်လာကြသော စင်ကာပူသမ္မတနိုင်ငံမှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများအား မိတ်ဆက်ပေးသည်။

အလားတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကလည်း စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်အား အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသော ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များအား မိတ်ဆက်ပေးသည်။

အမှတ်တရ ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် Yong Siew Toh Conservatory of Music ၏ အစီအစဉ်အဖြစ် မြန်မာနိုင်ငံမှ စောဂျိမ်းဆာဒိုစိုးနှင့် ဆန်းဝင်းထိုက်တို့၏ တယောဖြင့် တင်ဆက်မှုကို အားပေးကြပြီး ၄င်းတို့နှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် Banquest Room ၌ ဂုဏ်ပြု ညစာစားပွဲကို ဆက်လက်ကျင်းပရာ ညစာသုံးဆောင်နေစဉ် စင်ကာပူ ယဉ်ကျေးမှုအဖွဲ့က တေးသံသာဖြင့် တီးမှုတ်ဖျော်ဖြေသည်။

ပံ့ပိုးကူညီ

ထို့နောက် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းက စင်ကာပူသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် လွန်ခဲ့သော ၄၃ နှစ်ကတည်းက သံတမန် ဆက်ဆံရေးရှိခဲ့ပြီး မိမိတို့အနေဖြင့် ဤသို့ ကာလကြာရှည် ချစ်ကြည်ရင်းနှီးမှုအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ မိမိတို့သည် အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြသည့်အတွက် အစိုးရဝန်ထမ်းအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း အပြန်အလှန်ဆက်ဆံရေးများ ပုံမှန်ရှိနေပါကြောင်း၊ မိမိတို့၏ နှစ်နိုင်ငံချစ်ကြည်ရေးကို ပြုစုစောင့်ရှောက် ထိန်းသိမ်းလျက် အာဆီယံအဖွဲ့ဝင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိနေပါကြောင်း၊ စင်ကာပူ ပူးပေါင်း ဆောင်ရွက်မှုအစီအစဉ်အားဖြင့် အင်္ဂလိပ်ဘာသာရပ်၊ ခရီးသွားလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာ၊ လေကြောင်းဆိုင်ရာပညာရပ်နှင့် ဆက်သွယ်မှုနည်းပညာအစရှိသည့် ပညာရပ်များကို ယင်းလုပ်ငန်းခွင်အသီးသီးမှ မြန်မာအစိုးရ ဝန်ထမ်း၆၀၀၀နီးပါးအား သင်ကြားပို့ချပေးခဲ့ပါကြောင်း၊ စင်ကာပူ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အားဖြင့် နည်းပညာအကူအညီများကို အာဆီယံ ပေါင်းစည်းညီညွတ်မှု ကနဦးအနေဖြင့် ဆက်လက်ပံ့ပိုး ကူညီသွားမည်ဖြစ်ကြောင်း။

တိုးတက်အောင်မြင်

နာဂစ်မုန်တိုင်းသည် မြန်မာ့သမိုင်းတစ်လျှောက်လုံးတွင် အဆိုးရွားဆုံး သဘာဝ ဘေးအန္တရာယ်ဆိုးကြီးဖြစ်သကဲ့သို့ အာရှတွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းများထဲတွင် အဆိုးရွားဆုံး မုန်တိုင်းတစ်ခုဖြစ်ပါကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် နာဂစ်မုန်တိုင်းအလွန် အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရသော ကြီးမားသည့် တာဝန်များကို ထမ်းဆောင်နေသည်ဟု သိရှိရကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများသည် တိုးတက်အောင်မြင်လျက်ရှိပြီး မုန်တိုင်းဒဏ်သင့်ဒေသများ၌ ပုံမှန်အနေအထားသို့ တဖြည်းဖြည်းပြန်လည်ရောက်ရှိလာသည်ကို သိရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ စင်ကာပူသမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ဆိုင်ကလုန်းမုန်တိုင်းကာလလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုများတွင် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း။

မိမိတို့ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများသည် ခေတ်မီတိုးတက်လျက်ရှိပါကြောင်း၊ သို့ရာတွင် မိမိတို့နှစ်နိုင်ငံ အကျိုးတူစီးပွား ပူးပေါင်းဆောင်ရွက်မှုများ၊ ဥပမာခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်စေမည့် အလားအလာရှိနေပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများကိုဖယ်ရှားရန် လက်တွေ့ လုပ်ဆောင်မှုအားဖြင့် တည်တံ့သော အခြေအနေတစ်ရပ်ကို မိမိတို့အနေဖြင့် ပံ့ပိုးပေးသင့်ပါကြောင်း၊ ဤနည်းဖြင့် ရင်းနှီးမြှုပ်နှံသူများအား ပိုမိုယုံကြည်မှုရှိစေပြီး ပုဂ္ဂလိကလုပ်ငန်းများကို စီးပွားရေးအခွင့်အလမ်းများ ရှာဖွေတွေ့ရှိရန်နှင့် တိုးတက်မြင့်မားစေရန် အားပေးကူညီနိုင်ပါကြောင်း။

ပိုမိုပြည့်စုံ

စင်ကာပူနှင့် မြန်မာတို့သည် တူညီသော ယဉ်ကျေးမှုဓလေ့ထုံးစံများဖြင့် တိုင်းရင်းသား ပေါင်းစုံနေထိုင်သော နိုင်ငံများဖြစ်ပါကြောင်း၊ မိမိတို့၏ အနုပညာရှင်များဖလှယ်ခြင်းနှင့် အခြားသောပူးပေါင်းဆောင်ရွက်မှုများအားဖြင့် နှစ်နိုင်ငံ လူမျိုးအချင်းချင်း ရင်းနှီးကျွမ်းဝင်မှုကို တိုးတက်မြင့်မားစေနိုင်ကြောင်း၊ ထို့အပြင် စင်ကာပူနိုင်ငံသည် တစ်ကမ္ဘာလုံးနှင့် အဆက်အသွယ်ရှိသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ မြန်မာတို့၏ ကြွယ်ဝသောအမွေအနှစ်ကို နိုင်ငံတကာသို့ ပြသနိုင်ရန် ကူညီပံ့ပိုးပေးနိုင်ပါကြောင်း၊ ယင်းသည် မြန်မာကို ကမ္ဘာသို့ပြသရန် ပိုမိုပြည့်စုံသည့် ကဏ္ဍတစ်ခုဖြစ်လိမ့်မည်ဟု မျှော်လင့်ထားပါကြောင်း။

ပူးပေါင်းဆောင်ရွက်

စင်ကာပူနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အကျိုးပြုလုပ်ငန်းစဉ်များကို ကူညီပေးသွားပြီး ပိုမိုရင်းနှီးချစ်ကြည်သော အာဆီယံအဖွဲ့အစည်းကို အတူတကွ တည်ဆောက်ရာတွင်လည်း မြန်မာနိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မိမိဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ စင်ကာပူသမ္မတနိုင်ငံကို ရောက်ရှိသည့်အချိန်မှစ၍ နွေးထွေးစွာကြိုဆိုပြီး လှိုက်လှဲပျူငှာစွာ ဧည့်ဝတ်ပြုခဲ့သည့်အတွက် အဆွေတော်နှင့် စင်ကာပူသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများအား ကျေးဇူးတင်ရှိကြောင်း ဦးစွာပြောကြားလိုပါကြောင်း။

ညစာစားပွဲဖြင့် ဂုဏ်ပြုတည်ခင်းသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ ခင်မင်ရင်းနှီး လှိုက်လှဲကြိုဆိုမှုများသည် နှစ်နိုင်ငံအကြား ဆယ်စုနှစ်များစွာကတည်းက တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုကို ထင်ဟပ်ဖော်ပြနေပါကြောင်း။

ဝမ်းမြောက်ဖွယ်

နှစ်ကာလများစွာ ခင်မင်ဆက်ဆံမှု ကြာလာသည်နှင့်အမျှ ပူးပေါင်းဆောင်ရွက်မှုများသည်လည်း ပိုမိုတိုးတက်လာသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ရကြောင်း။

မကြာမီကာလများအတွင်းတွင် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် နှစ်နိုင်ငံအကြား ဆက်ဆံမှုအနေအထားသာမက ဒေသတွင်းအဖွဲ့အစည်းများနှင့် နိုင်ငံတကာ မျက်နှာစာတို့မှာပါ တိုးတက်ဖြစ်ပေါ်လာခဲ့သည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း။

စင်ကာပူသမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံများအနက် တတိယနေရာမှာရှိနေသကဲ့သို့ မြန်မာ့ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းမှာလည်း အဆင့်(၃)နေရာမှာရှိကြောင်း။

ပိုမိုတိုးချဲ့

နှစ်နိုင်ငံကုန်သွယ်မှုဆက်လက်တိုးတက်စေရေးအတွက် နှစ်နိုင်ငံမှအဆင့်မြင့်အရာရှိများ၊ ပုဂ္ဂလိကကုန်သည် အသင်းအဖွဲ့များအချင်းချင်း အပြန်အလှန်

အနာဂတ် ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်ရေးအတွက် ချမှတ်ထားသော မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း အောင်မြင်အောင်လုပ်ဆောင်သွားမည်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

မြန်မာနိုင်ငံတွင် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်း များစွာရှိ

စင်ကာပူသမ္မတနိုင်ငံ ခေတ္တသမ္မတ H.E.Mr. J.Y.Pillay

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၁၈ ရက် နံနက်ပိုင်းတွင် စင်ကာပူမြို့ Istana သမ္မတအိမ်တော်သို့သွားရောက်၍ စင်ကာပူသမ္မတနိုင်ငံ ခေတ္တ သမ္မတ H.E.Mr. J.Y.Pillay အား တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တက်ရောက်

ထို့အတူ စင်ကာပူသမ္မတနိုင်ငံ ခေတ္တသမ္မတ H.E.Mr. J.Y.Pillay နှင့်အတူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Mah Bow Tan ၊ပို့ဆောင်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး(၂) H.E. Mr. Raymond Lim၊ အလုပ်သမားဝန်ကြီးဌာန ခေတ္တ ဝန်ကြီး H.E. Mr. Gan Kim Yong၊ ကျန်းမာရေးနှင့် စက်မှုဝန်ကြီးဌာန တွဲဖက်ဝန်ကြီး H.E. Mr. Lee Yi Shyan၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua Hian Kong နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပဏာမပြောကြား

ယင်းသို့တွေ့ဆုံရာတွင် စင်ကာပူသမ္မတနိုင်ငံခေတ္တသမ္မတက နှုတ်ခွန်းဆက်စကား ပဏာမပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ပြန်လည်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် အဆွေတော်အနေဖြင့် စင်ကာပူသမ္မတနိုင်ငံ၏ခေတ္တသမ္မတတာဝန်ထမ်းဆောင်စဉ် မိမိခေါင်းဆောင်သောချစ်ကြည်ရေးအဖွဲ့ကို လက်ခံ တွေ့ဆုံသည့်အတွက် ကျေးဇူးတင်ရှိကြောင်း။

လေ့လာခွင့်

စင်ကာပူသမ္မတနိုင်ငံ၏ ဧည့်ဝတ်ကျေပွန်မှုနှင့် မိမိတို့လေ့လာလိုသည်များကို လေ့လာခွင့်ရရန် စီစဉ်ပေး၍ ကျေးဇူးတင်ကြောင်း။

အပြန်အလှန်နားလည်

မိမိတို့ နှစ်နိုင်ငံ၏ သံတမန်ဆက်သွယ်ရေးသည်လည်း ၄၃နှစ်ကြာပြီဖြစ်၍ ချစ်ခင်ရင်းနှီးမှု ပိုမိုခိုင်မြဲကြောင်း၊ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်များအကြားမှာ ပုဂ္ဂိုလ်ရေး ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်သဘောပေါက်မှုများ ရှိခဲ့ကြောင်း။

ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေလိမ့်မည်ဟု ယုံကြည်ကြောင်း။

ကူးလူးဆက်ဆံမှု

မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုအများဆုံး နိုင်ငံများတွင် စင်ကာပူသမ္မတနိုင်ငံသည် တတိယနေရာတွင်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ စင်ကာပူနိုင်ငံက ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အခွင့်အလမ်းများစွာ ရှိကြောင်း၊ မြန်မာနိုင်ငံတွင် စင်ကာပူမှ အရင်းအနှီးမြှုပ်နှံသူများ လာရောက်ရန် ဖိတ်ခေါ်ပါကြောင်း၊ မြန်မာနှင့် စင်ကာပူ နှစ်နိုင်ငံအကြား နေ့စဉ် ကူးလူးဆက်ဆံမှုများ ရှိနေပါကြောင်းဖြင့် ပြောကြားသည်။

အေးချမ်းငြိမ်သက်

ယင်းနောက်စင်ကာပူသမ္မတနိုင်ငံ ခေတ္တသမ္မတက မိမိသည် မကြာသေးမီက မြန်မာနိုင်ငံသို့ မိမိအစီအစဉ်ဖြင့် သွားရောက်ခဲ့ကြောင်း၊ သာယာလှပပြီး အေးချမ်းငြိမ်သက်သည့် ပုဂံမြို့ကို ရောက်ခဲ့ကြောင်းဖြင့်ပြန်လည်ပြောကြားသည်။

အောင်မြင်အောင်လုပ်ဆောင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်သူ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း၏ ထောက်ခံမှုဖြင့် အတည်ပြုပြီးဖြစ်၍ ၂၀၁၀ပြည့်နှစ်တွင် ရွေးကောက်ပွဲပြုလုပ်သွားမည်ဖြစ်ကြောင်း၊အနာဂတ် ဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်ရေးအတွက် ချမှတ်ထားသောမူဝါဒလမ်းစဉ်(၇)ရပ် အတိုင်း ကျန်ရှိသော လုပ်ငန်းအဆင့်ဆင့်ကို အောင်မြင်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

လိုအပ်သောအကူအညီ

ဆက်လက်၍ စင်ကာပူသမ္မတနိုင်ငံ ခေတ္တသမ္မတက မကြာသေးမီက မိမိမြန်မာနိုင်ငံသို့ရောက်ရှိခဲ့ရာ မြန်မာနိုင်ငံတွင် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်သည့်အခွင့်အလမ်းများစွာ ရှိသည်ကို တွေ့ရှိခဲ့ကြောင်း၊ စင်ကာပူသမ္မတနိုင်ငံက မြန်မာနိုင်ငံ၌ ဟိုတယ်များ ဖွင့်လှစ်ထား၍ လိုအပ်သောအကူ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ ခေတ္တသမ္မတ H.E.Mr. J.Y.Pillay အား စင်ကာပူမြို့ Istana သမ္မတအိမ်တော်၌ တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

အညီများကို ပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ပူးပေါင်းအဖြေရှာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က စင်ကာပူသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံနေသည့် နိုင်ငံများတွင် တတိယအများဆုံး ရင်းနှီးမြှုပ်နှံသည့်နိုင်ငံဖြစ်၍ တွေ့ကြုံရသောအခက်အခဲများကို အာဆီယံ မူဘောင်အတွင်းမှ ပူးပေါင်းအဖြေရှာသွားမည်ဖြစ်ပါကြောင်း ပြောကြားပြီး တွေ့ဆုံပွဲကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၃-၂၀၀၉ (သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**အာဿဝဝင် ရိုးချိုးဖျက်ခြင်း** တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘန)
၇း၅၀-၁း၅၀	ရွှေရောင်ခရီးစဉ်များ (Aureum Palace Hotel,Bagan)
၈း၁၅-၂း၁၅	VJ Choice
၈း၄၀-၄း၄၀	ကြယ်ပွင့်များနှင့် ငွေဆောင်
၉း၀၅-၃း၀၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	Activities in the City (ကွန်းကျေးရွာမဟာကျိုက်ဗန္ဓောစေတီတော် ထီးတော်သစ်တင်လှူပွဲ)
၉း၃၅-၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀-၃း၄၀	စားဖွယ်စုံလင် ဒေသအစားအစာအစီအစဉ် (ရှမ်းတို့ဟူးနွေး၊ ရှမ်းခေါက်ဆွဲ၊ ရှမ်းထမင်းချဉ် ပြုလုပ်ပုံအဆင့်ဆင့်)
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀-၄း၀၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	Shopping Guide (China Town Point Center)
၁၀း၅၀-၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅-၄း၅၅	တူးမြောင်းများစနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း
၁၁း၁၀-၅း၁၀	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၁း၂၀-၅း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅-၅း၃၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (နွားမွေးမြူရေး)
၁၁း၅၀-၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅-၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀-၆း၀၀	Art Vision (8th Annual Art Show)
၁၂း၁၀-၆း၁၀	နှစ်ခြိုက်စွာအိပ်ပျော်စေမှာ Lavender
၁၂း၂၅-၆း၂၅	ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (Hip Hop Valentine Day)
၁၂း၄၅-၆း၄၅	ဂုဏ်ယူဖွယ်ရာ မြန်မာ့လက်မှုပန်းပုပညာ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သွားရောက်ပြီး ကုန်သွယ်မှုမြှင့်တင်ရေး၊ ဈေးကွက်ပိုမိုတိုးချဲ့နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားလိုကြောင်း။

တိုးတက်ဖြစ်ပေါ်

မိမိ၏ စင်ကာပူခရီးစဉ်သည် အချိန်တိုတောင်းသော်လည်း စင်ကာပူသမ္မတနိုင်ငံ၏ အဘက်ဘက်က တိုးတက်ဖြစ်ပေါ်မှုများကို ကိုယ်တိုင်ကိုယ်ကျ မျက်မြင်တွေ့ရှိရသည့်အပြင် အဆွေတော်နှင့် ပုဂ္ဂိုလ်ရေးအရ ခင်မင်ရင်းနှီးမှုများ တူထောင်နိုင်ခဲ့ကြောင်း။

စင်ကာပူသမ္မတနိုင်ငံနှင့်ပြည်သူများ စည်ပင်ဝပြောရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်စေရေးအတွက် ဆုမွန်ကောင်းတောင်းကြောင်း ပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

တွန်ဂါနိုင်ငံကမ်းလွန်၌ ရေအောက်မီးတောင်ပေါက်ကွဲ

တွန်ဂါတာပူ မတ် ၁၉

ပစိဖိတ်သမုဒ္ဒရာတောင်ဘက်ရှိ တွန်ဂါနိုင်ငံကမ်းလွန်တွင် မတ်၁၉ ရက်က ပင်လယ်သမုဒ္ဒရာအောက်၌ အင်အား ပြင်းထန်သော မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း တွန်ဂါအရာရှိများက ပြောကြားသည်။

မီးတောင်ပေါက်ကွဲသည့်နေရာမှာ တွန်ဂါနိုင်ငံ တွန်ဂါတာပူကျွန်းအရှေ့မြောက်ပိုင်းပင်လယ်ကြမ်းပြင်အောက် ခြောက်မိုင်အနက်၌ မီးတောင်ပေါက်ကွဲခြင်းဖြစ်သည်။

ရေအောက်မီးတောင်ပေါက်ကွဲမှုကြောင့် သမုဒ္ဒရာ ရေမျက်နှာပြင်အထက် ပေ ၁၀၀၀ခန့်အထိ မီးခိုးများ၊ ရွှံ့များ၊ ပြာများလွင့်ထွက်ခဲ့ပြီး သင်္ဘော၊ ရေယာဉ်များ သွားလာခုတ်မောင်းမှု ခေတ္တရပ်ဆိုင်းထားရသည်။

နေရာကွက်ကျား ထစ်ချုန်းရွာနိုင်သောမိုးကြောင့် နှမ်းပင်အပါအဝင် သီးနှံများပျက်စီးလေလွင့်မှု မရှိစေရန်

နှိုးဆော်ချက်

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည့် အခြေအနေများ ဖြစ်ပေါ်လျက်ရှိပါသည်။ သို့ပါ၍ ရိတ်သိမ်းဆဲ၊ ရိတ်သိမ်းပြီး နှမ်းပင်များကို လေလွင့် ဆုံးရှုံးမှုမရှိစေရန်အတွက် အောက်ပါအချက်များကို ဂရုပြု လိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်ပါသည်-

(၁) မိုးရွာသွန်းနေစဉ် လုံးဝစပါးမရိတ်သိမ်းပါနှင့်။

(၂) ရိတ်သိမ်းဆဲနှမ်းပင်များကို ကောက်ပြန့်များ မပြုလုပ်ဘဲ ကောက်လှိုင်းများအား မိုးရေလျှော့ပုံပါ။

(၃) ရိတ်သိမ်းပြီး ကောက်လှိုင်းများ ရွှေ့ပြောင်းရန် အချိန်မမီပါက ပလတ်စတစ် စသည့် အမိုးအကာများနှင့်ဖုံးအုပ်ထားပါ။

(၄) မိုးမိသည့် ကောက်ပြတ်များကို မိုးပြတ်လျှင် ပြတ်ချင်းနေလှန်းပါ။

(၅) တလင်းပျောက်စနစ်ဖြင့် စက်စွမ်းအားအသုံးပြုပြီး ရိတ်ခြွေ အခြောက်ခံပါ။

(၆) တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးဖြစ်ထွန်းနေသော သီးနှံများ၊ စိုက်ခင်းများ ပိုးမွှားရောဂါကျရောက် ဖျက်ဆီးမှုမရှိအောင် ဂရုပြုစစ်ဆေးပြီး ကာကွယ်နှိမ်နင်းရန် လိုအပ်ပါက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ရုံးဌာနများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့များနှင့် ညှိနှိုင်းဆက်သွယ်ဆောင်ရွက်၍ အကူအညီများ ရယူဆောင်ရွက်ပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

● ရှေ့ဖုံးမှ

ဖြိုချပြီး စွန့်ပစ်မြေ ပစ်တဲ့အခါ အခက်အခဲရှိတဲ့အတွက် စက်ယန္တရား အင်အားများစွာနဲ့ နေ့၊ ည အစွမ်းကုန် ဆောင်ရွက်ခဲ့ရပါတယ်။ မိုင်တိုင်အမှတ် ၁၇၀နှင့် ၁၇၁ အကြား တောင်ကုန်းဟာ သစ်ကျောက်ဖြစ်တဲ့အတွက် မိုင်းခွဲလို့မရ၊ မြေတူးစက်၊ မြေကော်တင်စက်တွေနဲ့ ပြုလုပ်လို့မရ ဖြစ်ခဲ့ပါတယ်။ အဲဒါကြောင့် မြေတူးစက်မှာပါရှိတဲ့ မြေခွဲခြစ်တံ (Ripper) နဲ့ လိုင်းဖော် ရေထည့်ပြီး ရေရှူးခဲ့ရပါတယ်။ အဲဒီနောက်မှ ယန္တရားအင်အားများစွာနဲ့ အချိန်များစွာ ဆောင်ရွက်ခဲ့ရပါတယ်။ မိုင်တိုင်အမှတ် ၈၄ တည်ငးကုန်း ကျေးရွာအနီးရှိတဲ့ အင်းနဲ့ မိုင်တိုင်အမှတ် ၁၁၆၊ ဖြူးချောင်းအနီး ဖဲဖာလုံမှာရှိတဲ့ အရှည်၁၅ပေအနက်ရှိ အင်းတို့ကို နည်းပညာသုံး ဘူမိဗေဒ ရေပိတ်လွှာ (Geotextile) နည်းနဲ့ ထည့်သွင်းဆောင်ရွက်ခဲ့ရပါတယ်။

အနီးကပ်ကြီးကြပ်

ပဲခူးရိုးမနဲ့နီးပြီး မိုးရေချိန် လက်မများစွာ ရွာသွန်းတဲ့အတွက် တောင်ကျရေဖြစ်တဲ့အလျောက် ရေစီးသန်တဲ့ မြစ်ချောင်းတွေသာ ဖြစ်ပါတယ်။ အဲဒါကြောင့် တံတားနဲ့ ရေပြွန်တံတားတွေ တည်ဆောက်ရာမှာ အခက်အခဲရှိတဲ့အတွက် အနီးကပ်ကြီးကြပ် ဆောင်ရွက်ခဲ့ရပါတယ်။ ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်တဲ့အခါမှာ သဲ၊ ကျောက် သန့်စင်မှု အရေးပါတဲ့အတွက် သဲ၊ ကျောက်ထုတ်လုပ်မှုကို တာဝန်ခံရဲ့ကြီးကြပ်မှုနဲ့ အရည်အသွေးကောင်းအောင် ဆောင်ရွက်ခဲ့ရပါတယ်။ ရေသန့်ရရှိဖို့အတွက် တွင်းထွက်ရေကိုသာ အသုံးပြုပြီး ကွန်ကရစ်လမ်းသား ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ရပါတယ်။ မိုးတွင်းကာလမှာ မြေကြီးလုပ်ငန်းကိုနားပြီး အပေါ်လွှာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို နားရက်မရှိဘဲ ညအဆိုင်းပါ ဆောင်ရွက်ခဲ့ရပါတယ်။

တံတားအများစုဟာ ပဲခူးရိုးမနဲ့ ကပ်ပြီးတည်ရှိနေတာကြောင့် မိုးရေချိန်များခြင်း၊ တောင်ကျချောင်းရေ ရုတ်တရက် ကျဆင်းလာတတ်ခြင်းတို့ကြောင့် တံတားတည်ဆောက်ဖို့ ပြုလုပ်ထားတဲ့ငြမ်းနဲ့ ဘေလီတွေဟာ ရေစီးနဲ့အတူ မျောပါသွားခဲ့ပါတယ်။ မိုးတွင်းကာလ တည်ဆောက်ရာမှာ ချောင်းရေမပြတ် စီးဆင်းနေတာကြောင့် ချောင်းရေစီးကို စက်ယန္တရားကြီးတွေနဲ့ ရေစီးကြောင်းပြောင်းပြီး တံတားတည်ဆောက်ခဲ့ရပါတယ်။ တံတားတည်ဆောက်ပြီးချိန်မှသာ မူလ ရေစီးကြောင်းအတိုင်း ရေလမ်းကြောင်း ပြန်ဖွင့်ခဲ့ရပါတယ်။ ရေတွင်းခွေ အမျိုးအစား တံတားအုတ်မြစ် ပြုလုပ်ရာမှာ ပိုင်များအတွင်း သစ်မြစ်တွေ တွေ့ရှိခဲ့ရတာကြောင့် ခက်ခက်ခဲခဲ တူးဖော်ခဲ့ရပါတယ်။ ပိုင်တွေ တိမ်းစောင်းမှုဖြစ်ပေါ်တဲ့အခါ သံအိတ်တွေနဲ့ Counter weight တင်ဖိကာ ပြန်လည်တည့်မတ်အောင် ဆောင်ရွက်ခဲ့ရပါတယ်။ တံတားကြီးတွေရဲ့ ရေလယ်တိုင် ပြုလုပ်ရာမှာ မိုးတွင်းကာလဖြစ်လို့ ပိုင်ထိပ်အုပ် (Pile Cap) ပြုလုပ်မယ့်နေရာမှာ မျောတွေ၊ သဲအိတ်တွေ ကာရံပြီး လူလုပ်ကျွန်း (man made island) ပြုလုပ်ကာ ကျွန်းအတွင်းက ရေတွေကို အဆက်မပြတ် စုပ်ထုတ်ခဲ့ရပါတယ်''ဟု ပြောကြားသည်။

စီမံပြုလုပ်

ထို့နောက် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ လက်ထောက်စီမံကိန်းအင်ဂျင်နီယာတစ်ဦးဖြစ်သော ဗိုလ်ကြီးဟန်ဝင်းထွန်းအား တံတားတည်ဆောက်မှုအပိုင်းနှင့်စပ်လျဉ်း၍ မေးမြန်းရာတွင် ''တံတားလုပ်ငန်းအနေနဲ့ ပေ ၁၈၀အထက် တံတားခြောက်စင်း၊ ပေ ၅၀အထက်နှင့် ပေ ၁၈၀အောက် တံတား ၃၆စင်း၊ ပေ၅၀ အောက် တံတားရှစ်စင်း စုစုပေါင်းတံတားအစင်း၅၀ တည်ဆောက်ခဲ့ရပါတယ်။ Under Pass အပိုင်းမှာ ၁၈ပေ အကျယ် ၁၂ခုနဲ့ ပေ၄၀ အကျယ် လေးခု စုစုပေါင်း ၁၆ခု တည်ဆောက်ခဲ့ရပါတယ်။ အမြန်လမ်းမကြီးအောက်ကနေ လှည်းနဲ့ ကျွဲ၊ နွားတွေ ဖြတ်သန်းသွားလာနိုင်ဖို့အတွက် ရေပြွန်တွေ၊ တံတားအောက် လျှိုလမ်းတွေကိုလည်း စီမံပြုလုပ်ပေးရပါတယ်။

တံတား Foundation အမျိုးအစားတွေအနေနဲ့ ၉ပေအချင်းရှိတဲ့ ရေတွင်းခွေပိုင်၊ ၁၆လက်မ×၁၆လက်မ ရိုက်သွင်းပိုင်တိုင်၊ ၀ ဒသမ၈မီတာ အချင်းရှိတဲ့ မီနီဘိုးပိုင်နဲ့ ၁မီတာအချင်းရှိတဲ့ ဘိုးပိုင်တို့ဖြစ်ပါတယ်။ တံတားကိုယ်ထည်တွေက သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်ဟာ သံကူကွန်ကရစ်ရက်မနဲ့ သံကူကွန်ကရစ်ကြမ်းခင်းအမျိုးအစားနဲ့ ပေ ၉၀ သံမဏိသံပေါင်ရက်မနဲ့ သံကူကွန်ကရစ်ကြမ်းခင်းအမျိုးအစားရယ်လို့ ရှိပါတယ်။

ရန်ကုန်-နေပြည်တော်လမ်းပိုင်းတစ်နေရာ၌ Two Way / Two Lane ကွန်ကရစ်လမ်း ပြီးစီးမှုအနေအထားကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

နှစ်လမ်းသွား

တည်ဆောက်ပြီးတဲ့ တံတားတွေဟာ အသွားလမ်းတံတားနဲ့ အပြန်လမ်း နှစ်စင်းစီယှဉ်ပြီး ပေ၃၀ခြားကာ တည်ဆောက်ထားပါတယ်။ တံတားအုတ်မြစ်လုပ်ငန်းနဲ့ တံတားကိုယ်ထည်လုပ်ငန်းကို လေးလမ်းသွား တည်ဆောက်ထားပြီး တံတားအပေါ်ထည်လုပ်ငန်းကို နှစ်လမ်းသွား တည်ဆောက်ခဲ့ပါတယ်။ ဒီလို တည်ဆောက်ထားတဲ့အတွက် နောင် လေးလမ်းသွား အသွား/အပြန် တိုးချဲ့တဲ့အခါ တံတားအပေါ်ထည် နှစ်လမ်းသွားပဲ တည်ဆောက်ဖို့လိုပါတယ်။

တံတားတွေဟာ အကျယ် ၃၂ပေ ၆လက်မ၊ ယာဉ်သွားလမ်း အကျယ် ၂၈ပေ၊ လူသွားလမ်းအကျယ် ၂ပေ ၃လက်မ (တစ်ဖက်စီ)၊ တံတားခံနိုင်ဝန် တန် ၈၀ ဖြစ်ပါတယ်။ တံတားတွေ အချိန်မီပြီးစီးပြီး ရေရှည်ခိုင်ခံ့မှုရှိဖို့အတွက် တာဝန်ရှိသူတွေက ကွင်းဆင်းကြီးကြပ်ပေးကာ တာဝန်ခံစစ်သည်များကလည်း ကြိုးစားအားထုတ်ခဲ့ကြတဲ့အတွက် အခက်အခဲတွေကို ကျော်လွှားပြီး အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်'' ဟု ပြောကြားသည်။

ယင်းနောက် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ လက်ထောက်စီမံကိန်းအင်ဂျင်နီယာ ဗိုလ်ကြီးလင်းကျော်ခိုင်အား မြေကြီးလုပ်ငန်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းတို့နှင့်စပ်လျဉ်း၍ မေးမြန်းရာတွင် ''မြေကြီးလုပ်ငန်း ဆောင်ရွက်တဲ့နေရာမှာ လမ်းအူကြောင်းရှာဖွေခြင်း၊ တစ်ကြောင်းထိုး လမ်းဖောက်လုပ်ခြင်း၊ လမ်းတာပေါင်မြေဖို့ခြင်း၊ မြေဖြတ်ခြင်း၊ လမ်းပုံဖော်ခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရပါတယ်၊ လျှိုတွေကို ဖြတ်သန်းရတဲ့အခါ လျှိုထဲက ရွှံ့နွံတွေကိုဖယ်ထုတ်ပြီး ချောင်းသဲနဲ့ သဲဆန်တဲ့မြေတွေထည့်ပြီး မြေသားတည်ငြိမ်မှုရှိတဲ့အထိ ဆောင်ရွက်ရပါတယ်။

လိုအပ်တဲ့နေရာတွေမှာ ရေပြွန် (Box Culvert)တွေ ဆောက်လုပ်ခဲ့ရပါတယ်။ အသုံးပြုတဲ့ မြေအမျိုးအစားကို မြေကြီးသိပ်သည်းမှုကို တိုင်းတာတဲ့စံနဲ့ညီအောင် ဆောင်ရွက်ခဲ့ရပါတယ်။ မြေသားကြိတ်ရာမှာ အပေါ်ဆုံးလွှာ တစ်ပေထုခန့်ကို သိပ်သည်းမှုရာခိုင်နှုန်း အနည်းဆုံး ၉၅ရာခိုင်နှုန်းရှိအောင် ဆောင်ရွက်ရပြီး အောက်လွှာတွေကို ၉၀ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်ရပါတယ်။ အစားထိုးမြေမှန်အောင် ရွေးချယ်ပြီး ရေပါဝင်မှုနှုန်း မှန်ကန်အောင်ဖျန်းကာ မြေဖိသိပ်စက် (Compactor) တွေ အသုံးပြုဖို့ ကြိတ်ခဲ့ရပါတယ်။

မြေကြီးလုပ်ငန်းဆောင်ရွက်ပြီး ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရပါတယ်။ ကွန်ကရစ်ခင်းရာမှာ ပါဝင်တဲ့ ကျောက်၊ သဲတွေကို သန့်စင်ဖို့နဲ့ အရည်အသွေးမီဖို့ ရွေးချယ်စုဆောင်းရပါတယ်။ အောက်ခံလွှာ ကွန်ကရစ် ခြောက်လက်မထု မခင်းမီ မြေသားပြုပြင်ပြီး နှစ်လက်မထု ခင်းရပါတယ်။ ကွန်ကရစ်လုပ်ငန်းကို တစ်နာရီ ကုဗမီတာ ၁၂၀ ဖျော်နိုင်တဲ့ ကွန်ကရစ်ဖျော်စက်ခြောက်ခု၊ ကွန်ကရစ်ခင်းစက်ခြောက်စီးနဲ့ ဆောင်ရွက်ခဲ့ပါတယ်။

ရန်ကုန်-နေပြည်တော်လမ်းပိုင်း၏ ရန်ကုန် အမှတ်(၃)လမ်းဆုံအနီး လမ်းအသုံးပြုခကောက်ခံရေးစခန်း (Toll Gate) တည်ဆောက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အသုံးပြုရ

ကွန်ကရစ်ပုံထွက်ကောင်းစေဖို့နဲ့ ခံနိုင်အားမြင့်တက်စေဖို့ ကွန်ကရစ်အိကျမှုနှုန်း (Slump) ၂၅မီလီမီတာမှ ၄၀မီလီမီတာအတွင်းဝင်အောင်ဖျော်စပ်ပြီး ကွန်ကရစ်သယ်ယာဉ် (Dump Truck)တွေ အသုံးပြု ဆောင်ရွက်ခဲ့ရပါတယ်။ ရာသီဥတုပူပြင်းတဲ့အချိန်နဲ့ သယ်ယူရတဲ့ အကွာအဝေးပေါ်မူတည်ပြီး ဓာတုဆေးရည်တွေကို အသုံးပြုရပါတယ်။ ကွန်ကရစ်ခင်းပြီးနောက်မှာ ကွန်ကရစ်မျက်နှာပြင်လွှာ အက်ကွဲမှုမရှိစေဖို့ ကွန်ကရစ်အသားနှပ်ဆေးရည် (Curing Compound) ကို အသုံးပြုရပါတယ်။ အရည်အသွေးစစ်ဆေးရေးအဖွဲ့က ဖိသိပ်ပြီးသား မြေကြီးတွေရဲ့ သိပ်သည်းမှုကို စမ်းသပ်ရာမှာ နေရာလပ်မကျန်အောင် စစ်ဆေးပြီးမှ နောက်တစ်လွှာထပ်တင်စေကာ အလွှာတိုင်းအလွှာတိုင်းမှာ စစ်ဆေးပါတယ်။

ကွန်ကရစ်ဆက်ကြောင်းတွေကို သတ်မှတ်ဒီဇိုင်းအတိုင်းခင်းပြီး ရှစ်နာရီအတွင်း ပြီးစီးအောင် အလွှာအထူရဲ့ သုံးပုံတစ်ပုံကို ကွန်ကရစ်ဖြတ်စက်နဲ့ ဖြတ်ရပါတယ်။ ကွန်ကရစ်ခင်းပြီး ၂၈ရက်အတွင်း ကွန်ကရစ်ဆက်ကြောင်း (Joint) တွေကို ဓာတုကတ္တရာဆေးရည် (sealant) နဲ့ ရေပိတ်အောင် ဖြည့်သိပ်ရပါတယ်။

အမြဲမပြတ်စစ်ဆေး

ကွန်ကရစ်ဖျော်စက်မှာ ကွန်ကရစ်နဲ့ခံနိုင်ရည် (Cube-test)ကို နေ့စဉ်ပြုလုပ်စမ်းသပ်ကာ သက်ဆိုင်ရာတာဝန်ခံအရာရှိတွေက အမြဲမပြတ် စစ်ဆေးပြီး အရည်အသွေးထိန်းသိမ်းပါတယ်။ စက်ယန္တရားတွေကို ပြင်ဆင်ရာမှာလည်း စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက ဖွဲ့စည်းပေးထားတဲ့ ယန္တရားစက်ပြင်အလုပ်ရုံအဖွဲ့တွေကို စခန်းအသီးသီးမှာ ထားရှိပြီး ပြင်ဆင်ဆောင်ရွက်ပါတယ်။

ရန်ကုန်-နေပြည်တော်လမ်းပိုင်းရဲ့ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တာဝန်ယူတဲ့အပိုင်းမှာ ဖြူးမြို့အနီး မိုင်တိုင်အမှတ် ၁၁၅/၂ မှာ ယာဉ်ရပ်နားစခန်း (Rest Camp)တစ်ခုနဲ့ လမ်းအသုံးပြုခ ကောက်ခံရေးစခန်း (Toll Gate) တစ်ခု တည်ဆောက်လျက်ရှိပါတယ်။ ယာဉ်ရပ်နားစခန်းမှာ ယာဉ်စီးရေ ၄၀၀ခန့် ရပ်နားနိုင်တဲ့ ယာဉ်ရပ်နားကွင်း၊ စက်သုံးဆီအရောင်းဆိုင်၊ စားသောက်ဆိုင်၊ ယာဉ်ပြင်ဆင်ရေးအလုပ်ရုံနဲ့ တည်းခိုဆောင်တို့ ပါဝင်မှာဖြစ်ပါတယ်။ အသွားလမ်းနဲ့ အပြန်လမ်း Toll Gate တစ်ခုစီ ပါဝင်ပြီး ကုန်တင်ယာဉ်ကြီးတွေမှအပ သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းနှင်နိုင်တဲ့ ယာဉ်ငယ်တွေနဲ့ ခရီးသည်တင်ဘတ်စ်ကားကြီးတွေကို အသုံးပြု သွားလာခွင့်ပြုမှာဖြစ်ပါတယ်။

လမ်းတစ်လျှောက်မှာ ယာဉ်မောင်းသူတွေ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ဖို့အတွက် လမ်းညွှန်အမှတ်အသားဆိုင်းဘုတ် (Road Sign)တွေ တပ်ဆင်ထားရှိမှာဖြစ်ပါတယ်။ အမြန်လမ်းမကြီးပေါ်ကို ပြင်ပက လူ၊ ယာဉ်၊ တိရစ္ဆာန်တွေ ဖြတ်ကျော်မောင်းနှင်ခြင်း မရှိစေဖို့ ရွာနဲ့နီးကပ်တဲ့ နေရာတွေမှာ လမ်းကာတွေ (Road Guard Roi) ဆောက်လုပ်ထားရှိပါတယ်။ လမ်းကွေ့နေရာတွေမှာ Guard Post တွေ စိုက်ထူထားပြီး လမ်းတစ်လျှောက်မှာ Road Line Points တွေနဲ့ ယာဉ်ကြောတွေကို ရေးခြယ်ပြသထားပါတယ်။ အမြန်လမ်းမကြီး ဘေးတစ်လျှောက်မှာ အရိပ်ရ သစ်ပင်အဖြစ် ကုက္ကိုပင်တွေ စိုက်ပျိုးထားပြီး လမ်းလယ်ကျွန်းမှာ တည်ပင်၊ ရေတမာပင်၊ ခရေပင်၊ ထန်းပင်နဲ့ စက္ကူပန်းပင်တွေ စိုက်ပျိုးဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

အမြန်လမ်းမကြီးကို ဆက်သွယ်အသုံးပြုနိုင်တဲ့ လမ်းသုံးလမ်းပါဝင်ရာမှာ ၃မိုင် ၂ဖာလုံ ရှည်လျားတဲ့ ဖြူးမြို့နဲ့ မိုင်တိုင်အမှတ် ၁၁၅/၄ ကို ဆက်သွယ်တဲ့လမ်း၊ ၇မိုင် ၄ဖာလုံရှည်လျားတဲ့ တောင်ငူမြို့နဲ့ မိုင်တိုင်အမှတ် ၁၄၆/၆ကို ဆက်သွယ်တဲ့လမ်း၊ ၂မိုင် ၄ဖာလုံ ရှည်လျားတဲ့ ကေတုမတီမြို့နဲ့ မိုင်တိုင်အမှတ် ၁၅၄/၄ ကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ လမ်းတို့ဖြစ်ပါတယ်''ဟု ပြောကြားသည်။

ပါဝင်

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ပေ၁၈၀အထက် တံတား အသွားအပြန် ၇၂စင်း၊ ပေ ၅၀အထက်နှင့် ပေ၁၈၀အောက် တံတား အသွားအပြန် အစင်း ၂၀၀၊ ပေ၅၀အောက်တံတား အသွားအပြန် ၁၆၂စင်း၊ Box Culvert ၈၄၄စင်း၊ Under Pass ၇၅စင်း၊ ယာဉ်ရပ်နားစခန်း Rest Camp သုံးခု၊ လမ်းအသုံးပြုခကောက်ခံရေးစခန်း Toll Gate ငါးခုတို့ ပါဝင်သည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူသော အမှတ်(၃)လမ်းဆုံမှ မြို့ချောင်းအပိုင်းတွင် ပေ ၁၈၀နှင့်အထက် တံတား ၁၀စင်း၊ ပေ ၅၀အထက်နှင့် ပေ ၁၈၀အောက် တံတား ၂၂စင်း၊ ပေ ၅၀အောက် တံတား ၃၅စင်း၊ Under Pass ၁၈စင်း၊ Box Culvert ၂၃၅စင်း တည်ဆောက်ခဲ့ရသည်။

စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တာဝန်ယူရသော မြို့ချောင်း-သာဂရ လမ်းပိုင်းတွင် ပေ ၁၈၀အထက် တံတား ခြောက်စင်း၊ ပေ ၅၀အထက်နှင့် ပေ၁၈၀ အောက် တံတား ၃၆စင်း၊ ပေ ၅၀အောက် တံတားရှစ်စင်း၊ Under Pass ၁၆စင်းတို့ ပါဝင်သည်။

ကုန်ကျမည်

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရာတွင် ဘိလပ်မြေတန် ၂၃သမ၂၅သန်း၊ သံချောင်းလုံး တန် ၁၃သမ ၂၅သိန်း၊ စက်သုံးဆီ ဂါလန် ၇၂သန်း၊ ကျောက်မျိုးစုံ ကျင်းပေါင်း ၂၀ဒသမ ၃၃သိန်း ကုန်ကျမည်ဖြစ်ရာ ယခုပြီးစီးနေပြီဖြစ်သည့် လမ်းအပိုင်းတွင် ဘိလပ်မြေတန် ၁ဒသမ၁၇သန်း၊ သံချောင်းလုံးတန် ၉၀၀၀၀ကျော်၊ စက်သုံးဆီ ဂါလန်သန်း ၄၀၊ ကျောက်မျိုးစုံ ကျင်းပေါင်း ၁၄သိန်းကျော်ကို သုံးစွဲပြီးဖြစ်သည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ဆောင်ရွက်ရာတွင် မြေသားလုပ်ငန်း ကျင်းပေါင်း ၁၀၄ဒသမ ၅သန်း ဆောင်ရွက်ရမည်ဖြစ်ရာ ယခုအခါ မြေသားကျင်းပေါင်း ၇၅ဒသမ၂သန်းကို ဆောင်ရွက်ပြီးဖြစ်သည်။

အမြန်လမ်းမကြီးအနီးရှိ ကျေးရွာများ ကျေးရွာချင်း ဆက်သွယ်သွားလာနိုင်ရန်အတွက် Under Pass များ စီစဉ်ပေးထားကာ လမ်းမကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ရေထုတ်ပြွန် (Box Culvert) များကိုလည်း တည်ဆောက်ထားပြီး ဆက်သွယ်ရေးလမ်းများမှ အမြန်လမ်းမကြီးသို့ တက်ရောက်အသုံးပြုနိုင်ရန်ပါ စီစဉ်ပေးထားသည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်ရပ်နားစခန်း (Rest Camp) သုံးခုကို စီစဉ်ပေးထားမည်ဖြစ်ရာ ယာဉ်ရပ်နားစခန်း (Rest Camp) များတွင် တည်းခိုဆောင်၊ စားသောက်ဆိုင်၊ မော်တော်ယာဉ်အလုပ်ရုံ၊ စက်သုံးဆီအရောင်းဆိုင်၊ ယာဉ်ရပ်နားကွင်းနှင့် ရဲစခန်းတို့ ပါဝင်မည်ဖြစ်သည်။

တည်ဆောက်ပေးထား

အဆိုပါ ယာဉ်ရပ်နားစခန်းများကို ဖြူး၊ နေပြည်တော်နှင့် မိတ္ထီလာတို့၌ တည်ဆောက်ပေးထားမည်ဖြစ်ပြီး လမ်းအသုံးပြုခ ကောက်ခံရေးစခန်း (Toll Gate) ငါးခုကို အမှတ်၃လမ်းဆုံ၊ ဖြူး၊ နေပြည်တော်၊ မိတ္ထီလာနှင့် စကားအင်းအပိုင်းတို့၌ တည်ဆောက် ပေးထားမည်ဖြစ်သည်။ ရန်ကုန် အမှတ်(၃)လမ်းဆုံမှ မန္တလေး စကားအင်းဝိုင်းအထိ ဆက်သွယ်ရေးလမ်း ၁၁လမ်း ပါဝင်မည်ဖြစ်ရာ ဘုရားကြီး-ဘောနတ်ကြီးလမ်း၊ ဒိုက်ဦး-အုတ်ရှစ်ကုန်းလမ်း၊ သူငွေးကုန်း-မြို့ချောင်းလမ်း၊ ဖြူးရေအားလျှပ်စစ်အဝင်လမ်း၊ အုတ်တွင်း-ပေါက်ခေါင်းလမ်း၊ သာဂရ-ကိုးပင်လမ်း၊ နေပြည်တော်အဝင်လမ်း၊ နေပြည်တော် ပျဉ်းမနား-တောင်ညိုလမ်း၊ ကျောက်ပန်းတောင်းလမ်း၊ မိတ္ထီလာ-မြင်းခြံလမ်းနှင့် မြစ်သား-မြင်းခြံလမ်းတို့ ဖြစ်သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်ပိတ်ဆို့မှု မရှိစေရေးအတွက် သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းနှင်နိုင်သော ယာဉ်များကိုသာ ဖြတ်သန်းသွားလာခွင့်ပြုမည်ဖြစ်သည်။ ကုန်တင်ယာဉ်ကြီးများကို ဖြတ်သန်းသွားလာခွင့်မပြုဘဲ ယာဉ်ငယ်များနှင့် ခရီးသည်တင် အဝေးပြေးယာဉ်ကြီးများကိုသာ ဖြတ်သန်းသွားလာခွင့်ပြုမည်ဖြစ်ပြီး နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ရှိသင့်ရှိထိုက်သည်များကို အားလုံးပါဝင်အောင် စီမံဆောင်ရွက်ပေးထားမည်ဖြစ်သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ အပိုင်း(၁)ဖြစ်သော ရန်ကုန်-နေပြည်တော် လမ်းပိုင်းကို လမ်းဟောင်းနှင့် လမ်းသစ် နှိုင်းယှဉ်ကြည့်မည်ဆိုပါက လမ်းအရှည် လမ်းဟောင်း ၂၂၄မိုင်နှင့် လမ်းသစ် ၂၂၁မိုင် ၁ဖာလုံ၊ ယာဉ်မောင်းချိန် လမ်းဟောင်း ခုနစ်နာရီနှင့် လမ်းသစ်လေးနာရီ၊ ခံနိုင်ဝန် လမ်းဟောင်းတန် ၄၀နှင့် လမ်းသစ် တန်၈၀၊ ယာဉ်သွားနှုန်း လမ်းဟောင်း ကီလိုမီတာ၆၀နှင့် လမ်းသစ် ကီလိုမီတာ၁၀၀တို့ဖြစ်သည်။

ဂုဏ်ယူဖွယ်

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် လမ်းဟောင်းကဲ့သို့ မြို့၊ ရွာများကို ဖြတ်သန်းခြင်းမရှိဘဲ လမ်း၊ တံတားခံနိုင်ဝန်မှာလည်း တန်၈၀ဖြစ်၍ လမ်းအန္တရာယ်ဖြစ်မှု နည်းပါးသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အမြန်လမ်းမကြီးသည် အမှန်တကယ် လိုအပ်ချက်တစ်ခုပင်ဖြစ်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် တည်ဆောက်ရေးလုပ်ငန်းများစွာအနက် အမြန်လမ်းမကြီးတည်ဆောက်နိုင်မှုသည် ဂုဏ်ယူဖွယ်ရာ သမိုင်းမှတ်တိုင်တစ်ခုပင်ဖြစ်သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ဖောက်လုပ်ရာတွင် ပြည်ပ အကူအညီမပါဝင်ဘဲ ပြည်တွင်းထုတ်ကုန်ပစ္စည်းများနှင့် ပြည်တွင်းမှ အတတ်ပညာရှင်များဖြင့်သာ ဖောက်လုပ်နေခြင်းဖြစ်သည်။ ယခင် အစိုးရအဆက်ဆက်က အိပ်မက်သာမက်နိုင်ခဲ့သော ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို လက်တွေ့အကောင်အထည်ဖော် ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် နိုင်ငံတော်၏ ဘက်စုံ ကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်လာမှုကို အထင်အရှားပြသနိုင်ခြင်းဖြစ်သကဲ့သို့ မြန်မာအင်ဂျင်နီယာများ၏ လုံ့လ၊ ဝီရိယနှင့် အတတ်ပညာစွမ်းပကားကိုလည်း သက်သေသာဓက ပြသနိုင်ခြင်းပင်ဖြစ်ပါကြောင်း ဂုဏ်ပြုဖော်ပြလိုက်ရပါသည်။ ။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ဝ၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

လမင်းသာကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ် ကျောက်မဲ၌ဖွင့်လှစ်

လားရှိုး မတ် ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် စခန်းသာကျေးရွာရှိ လမင်းသာကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၅ရက် နံနက်၁၀နာရီက အဆိုပါ အဆောက်အအုံသစ်တွင် ကျင်းပရာ ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်း တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြပြီး ကျေးဇူးတင်စကားပြောကြားသည်။

လမင်းသာစာကြည့်တိုက် အဆောက်အအုံသစ်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွှန့်ဆောင်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးမြင့်အောင်နှင့် မြို့မိမြို့ဖ ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ အဆောက်အအုံသစ်သည် ၁၀ပေ×ပေ၂၀ရှိ သွပ်မိုးအုတ်ကာ၊ သမံတလင်းခင်းထားသော စာကြည့်တိုက်အမျိုးအစားဖြစ်ကာ အေးရှားဝေါလ်ကုမ္ပဏီမှ လှူဒါန်းထားသော ကျပ်သိန်း၂၀ဖြင့် ဆောက်လုပ်ထားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

စာချုပ်အသစ်နှင့်ဘင်နီတက်ဇ်

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ မြင့်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် မတ် ၁၉

နည်းပြဘင်နီတက်ဇ်ကို လီဗာပူးကလပ်က နောက်ထပ်ငါးနှစ်စာချုပ်သက်တမ်းနဲ့ နည်းပြတာဝန်ဆက်ယူဖို့ စာချုပ်သစ်တစ်ရပ်ကို မတ် ၁၉ရက်မှာ သဘောတူ လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ပါတယ်။

လီဗာပူးနည်းပြ ဘင်နီတက်ဇ်

စဉ်းစားခဲ့

ဒီနှစ်ရာသီအစမှာ ပွဲရလဒ်တွေ ကမောက်ကမဖြစ်ခဲ့လို့ အမှုဆောင်အဖွဲ့လူကြီးတွေက ဘင်နီတက်ဇ်ကို နည်းပြအဖြစ်ကထုတ်ပယ်ဖို့အထိ စဉ်းစားခဲ့တယ်လို့ ဆိုပေမယ့် လက်တွေ့မှာ လီဗာပူးအသင်းကိုကိုင်တွယ်ဖို့ ဘင်နီတက်ဇ်လို နည်းပြမျိုး အစားထိုးဖို့ ရှာမတွေ့ဘူးလို့ ဆိုနေပါတယ်။

ပယ်ချခဲ့

ဘင်နီတက်ဇ်ကလည်း ဒီနှစ်ဘောလုံးရာသီကုန်ရင် လီဗာပူးအသင်းက နုတ်ထွက်တော့မယ်လို့ တရားဝင်အသိပေးပြီးဖြစ်တာမို့ ပြီးခဲ့တဲ့ဇန်နဝါရီလကတည်း စာချုပ်သစ်ချုပ်ဆိုဖို့အတွက် လီဗာပူးကလပ် တာဝန်ရှိသူတွေရဲ့ကမ်းလှမ်းမှုကို ပယ်ချခဲ့ခြင်း ဖြစ်ပါတယ်။

ပြောလို့ရ

ဒါပေမယ့် အခုတော့ လီဗာပူးကလပ်က တာဝန်ရှိသူတွေရဲ့ တောင်းဆိုမှုကြောင့် လာမယ့် ၂၀၁၄ခုနှစ်အထိ လီဗာပူးရဲ့ အန်ဖီးလ်ကွင်းမှာ ဘင်နီတက်ဇ်ဆက်ရှိနေတော့မှာဖြစ်ပါတယ်။ တကယ်တော့ ဘင်နီတက်ဇ်အတွက် လီဗာပူးရဲ့ အန်ဖီးလ်ကွင်းဟာ ကံကောင်းခြင်းတွေ ရရှိစေခဲ့တဲ့ကွင်းလို့ ပြောလို့ရမှာဖြစ်ပါတယ်။

ရယူပေးနိုင်ခဲ့

ဘင်နီတက်ဇ်ဟာ လီဗာပူးအသင်းနဲ့အတူ ၂၀၀၅ခုနှစ်က ချန်ပီယံလိဂ်ဖလားနဲ့ ဥရောပစူပါဖလားရရှိခဲ့ပြီး ၂၀၀၆ခုနှစ်က အက်ဖ်အေဖလားနဲ့ ကွန်မြူနတီဒိုင်းတွေ ရယူပေးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာလည်း ချန်ပီယံလိဂ်ဖလားနဲ့ ပရီမီယာလိဂ်ဖလားတွေ ရယူရေး လမ်းကြောင်းပေါ် ရောက်ရှိအောင် စွမ်းဆောင်နေပါတယ်။

အထိုက်သင့်ဆုံး

လီဗာပူးအသင်းအောင်မြင်မှုရရှိရေးအတွက် ဘင်နီတက်ဇ်ပဲ အထိုက်သင့်ဆုံး နည်းပြတစ်ဦးဖြစ်တာမို့ လီဗာပူးကလပ်က ဘင်နီတက်ဇ်ကို ဈေးညှိပြီး ရအောင်စာချုပ်ခဲ့ခြင်းဖြစ်ပါတယ်။

ဒီလိုစာချုပ်လက်မှတ်ရေးထိုးပွဲအပြီးမှာ ဘင်နီတက်ဇ်က "လီဗာပူးအသင်းအောင်မြင်မှုရရှိအောင် ကြိုးစားတဲ့နေရာမှာ မိမိအနေနဲ့ အရင်က ကိုင်တွယ်ခဲ့ဖူးတဲ့အသင်းတွေထက် ပင်ပန်းပြီး အခက်ခဲမျိုးစုံနဲ့ ကြုံတွေ့ကြိုးစားခဲ့ရတယ်" လို့ ဆိုပါတယ်။

ဘင်နီတက်ဇ်ဟာ အရင်က ရီးရဲမက်ဒရစ်ဘီအသင်းမှာ နည်းပြလုပ်ခဲ့သလို ရီးရဲဗာလာဒိုလစ်၊ အိုဆာစူနာ၊ အက်ထရာမာထူရာအသင်းမျိုးစုံမှာ နည်းပြတာဝန်ကို ကျေပွန်အောင်လုပ်နိုင်ခဲ့တဲ့ ဘင်နီတက်ဇ်ဟာ နောက်ထပ်စာချုပ်သက်တမ်းမှာ နောက်ထပ်ဖလား ဘယ်နှလုံးရယူပေးနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ॥ **(အင်တာနက်)**

နည်းပြစထရာချန်နှင့် ရေရှည်လက်တွဲလို ဆဲလ်တစ်တိုက်စစ်မှူး မက်ဒေါ်နယ် ဖွင့်ဟ

လန်ဒန် မတ် ၁၉

နည်းပြ ဂေါ်ဒွန်စထရာချန်နှင့် ရေရှည်ပူးပေါင်းလက်တွဲကာ ရလဒ်ကောင်းများကို ပျော်ရွှင်စွာ ရရှိခံစားလိုကြောင်း ဆဲလ်တစ်တိုက်စစ်မှူး စကော့ထ်မက်ဒေါ်နယ်က ထုတ်ဖော်ပြောကြားခဲ့သည်။ ကိုအော်ပရေးတစ်အင်ဆူးရင့်စ်ဖလားနောက်ဆုံးဗိုလ်လုပွဲတွင် ပြိုင်ဘက်ရိန်းဂျားအသင်းကိုအနိုင်ရရှိကာ သရဖူဆုဖလားဆွတ်ခူးပြီးနောက် စထရာချန်နှင့် ပတ်သက်သော လေးစားမှုကို မက်ဒေါ်နယ်က ဖွင့်ဟခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ပရက်စကော့ထ်နှင့် ထပ်မံထိုးသတ်လို အမီရ်ခန်းဖွင့်ဟ

လန်ဒန် မတ် ၁၉

ပြီးခဲ့သည့် ၂၀၀၈ခုနှစ်စက်တင်ဘာလအတွင်းက မိမိအား တစ်မိနစ်အတွင်း အလဲထိုးသတ်သွားခဲ့သူ ကိုလံဘီယာ လက်ဝှေ့သမား ဘရက်ဒစ် ပရက်စကော့ထ်အား ပြန်လည်ယှဉ်ပြိုင်ထိုးသတ်လိုကြောင်း လက်ဝှေ့ကျော် အမီရ်ခန်းက ဘီဘီစီသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၂၂နှစ်ရှိ ဘော်လ်တန်လိုက်ဝိတ်လက်ဝှေ့သမားခန်းသည် ပြီးခဲ့သည့် မတ် ၁၄ရက်က မန်ချက်စတာမြို့တွင် မက္ကဆီကိုလက်ဝှေ့ကျော် မာကိုအန်တိုနီယိုဘာရီရာအား အနိုင်ထိုးသတ်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

တံကောက်ကြောဒဏ်ရာကြောင့် ချယ်လ်ဆီးမှ ဒေကို လက်ကျန်ပွဲများနှင့်လွဲဖွယ်ရှိ

လန်ဒန် မတ် ၁၉

ချယ်လ်ဆီးနည်းပြဂူဟစ်ဒင့်သည် ပေါ်တူဂီကွင်းလယ်ကစားသမားဒေကို မပါဝင်ဘဲ လာမည့်ဘောလုံးပွဲစဉ်များကို ရင်ဆိုင်ရဖွယ်ရှိသည်။

ချယ်လ်ဆီး ကွင်းလယ်ကစားသမားဒေကိုသည် ပြီးခဲ့သည့်လအနည်းငယ်က မကြာခဏ ဖြစ်ပွားခဲ့သော တံကောက်ကြောဒဏ်ရာကြောင့် ရာသီလက်ကျန်ပွဲစဉ်များနှင့် လွဲချော်ဖွယ်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ခြေစစ်ပွဲဝင်မည့်အိုင်ယာလန်အသင်း ဆဲလ်တစ်ခံစစ်မှူး အိုဒီးယားအား ခေါ်ယူ

လန်ဒန် မတ် ၁၉

အိုင်ယာလန်လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဘူလ်ဂေးရီးယား၊ အီတလီတို့နှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲစဉ်များအတွက် ဆဲလ်တစ်ခံစစ်မှူး ဒါရင်အိုဒီးယားအား ပြန်လည်ခေါ်ယူလိုက်ပြီဖြစ်သည်။



ဦးဆောင်ဂိုး

အသက် ၂၂နှစ်ရှိ အိုဒီးယားသည် ပြီးခဲ့သည့် မတ်၁၅ရက်တွင် ဆဲလ်တစ်က ရိန်းဂျားအား အနိုင်ရရှိခဲ့သော ကိုအော်ပရေးတစ်အင်ဆူးရင့်စ်ဖလား နောက်ဆုံးဗိုလ်လုပွဲတွင် ဆဲလ်တစ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သူဖြစ်သည်။

ရွေးချယ်ခဲ့

လက်ရွေးစင်အသင်းတွင် တစ်ကြိမ်မျှပါဝင်မကစားခဲ့ရသေးသူ အိုဒီးယားအား ပြီးခဲ့သည့်လက အိုင်ယာလန်က ဂျော်ဂျီယာကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် နည်းပြ ဂျီယိုဗန်နီထရာပက်တိုနီက အရန်ကစားသမားအဖြစ် ရွေးချယ်ခဲ့သည်။ **(အင်တာနက်)**

လိုက်ဝိတ်သရဖူကာကွယ်မည့်လော်တန် ဂျွန်မာရေးနှင့်ယှဉ်ပြိုင်ရေးနီးစပ်လာ

လန်ဒန် မတ် ၁၉

ဗြိတိသျှလိုက်ဝိတ်သရဖူလုပွဲအတွက် မိမိနှင့်ရှုံးပွဲမရှိလက်ဝှေ့ကျော်ဂျွန်မာရေးတို့ ယှဉ်ပြိုင်ထိုးသတ်မည့်ပွဲစဉ် ဖြစ်မြောက်ရေး နီးစပ်လာပြီဖြစ်ကြောင်း စကော့တ်လက်ဝှေ့သမား စကော့လော်တန်က ဖွင့်ဟခဲ့သည်။ အသက် ၃၂နှစ်ရှိ ဗြိတိသျှလိုက်ဝိတ်လက်ဝှေ့ချန်ပီယံလော်တန်က မိမိနှင့်မန်ချက်စတာအခြေစိုက်လက်ဝှေ့သမား ဂျွန်မာရေးတို့ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်နေမှုမှာ နီးစပ်လာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆွတ်ခူးထား

လော်တန်သည် ၄င်း၏လိုက်ဝိတ်ချန်ပီယံသရဖူကို ကာကွယ်သည့်ပွဲအဖြစ် ဇာတိမြို့စကော့တ်တွင် ဂျွန်နီဂရီးဗက်စ်အား အောင်မြင်စွာအနိုင်မယူမီ ၂၀၀၈ခုနှစ် ဒီဇင်ဘာလက မာတင်ဂီသင်အား အနိုင်ရရှိကာ ယင်းချန်ပီယံ ဆုကို ဆွတ်ခူးထားခြင်းဖြစ်သည်။

(အင်တာနက်)

ဟူးလ်စီးတီးတိုက်စစ်မှူး ဝင်ဒက်စ် အငှားစာချုပ်ကုန်ဆုံး၍ အသင်းသို့ပြန်ရောက်

လန်ဒန် မတ် ၁၉

ဟူးလ်စီးတီးတိုက်စစ်မှူး ဒီးန်ဝင်ဒက်စ်သည် အိုးလ်ဟမ်အက်သလက်တစ်အသင်းတွင် နှစ်လတာ အငှားစာချုပ်သက်တမ်းကုန်ဆုံးအောင်ကစားပြီးနောက် ဟူးလ်စီးတီးအသင်းသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။

မဆုံးဖြတ်ရသေး

စည်းမျဉ်းစည်းကမ်းများအရ ယခုရာသီတွင် အသက် ၃၉နှစ်ရှိ ဝင်ဒက်စ်အား ဟူးလ်စီးတီးအသင်းတွင် ဆက်ကစားခွင့်ရရေး၊ မရရေးကို သက်ဆိုင်ရာတို့က တိတိကျကျ မဆုံးဖြတ်ရသေးကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးငွေးဝင်းပိုင်ဆိုင်သောယာဉ်အမှတ်၃က/၂၅၀၂၏အခွန်ပုံစံ(၁)အစိမ်း စာရွက်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၀-၃၆၄၂၀။

၁၉၈၀ပြည့်နှစ်ဘွဲ့ရ တိ/ကုဆရာဝန်များ မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၁၉

၁၉၈၀ပြည့်နှစ်ဘွဲ့ရ တိရစ္ဆာန်ကုဆရာဝန်များ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို မတ်၂၈ရက်(စနေနေ့) ညနေဖြနာရီတွင် ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပမည်ဖြစ်ပြီး ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဒေါက်တာထင်ကျော်ဦး (မိုးကျော်ဆေးဆိုင် မန္တလေး) ဖုန်း-၀၉-၂၀-၂၃၄၇၀၊ ဒေါက်တာ နန့်ရင်ရင်မြင့် ဖုန်း-၆၄၀၁၄၈၊ (ရုံး)-၆၄၀၂၄၀၊ ဒေါက်တာခိုင်ခိုင်ရီ ဖုန်း-၆၄၀၉၄၀၊ (ရုံး)၆၄၃၇၀၂၊ ဒေါက်တာအောင်မြင့် ဖုန်း-၂၄၂၀၀၉/၆၈၅၊ ဆိုင်-၀၉-၅၀-၇၅၀၂၉၊ ဒေါက်တာကျော်သိန်း ဖုန်း-၃၈၄၀၀၃၊ ၃၉၁၇၅၂၊ (ရုံး)-၀၉-၅၂-၀၀၈၃၁တို့သို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

(၁၅)နှစ်မြောက် မင်္ဂလာဆုတောင်း

ဦးမင်းဆွေ (Commissioning Engineer, MCP Project, TOTAL E & P Myanmar) ဒေါ်မြဆွေဆွေ(I.T Home Internet & Trainning Center) ချစ်သူငယ်ချင်းတို့ရဲ့ ၂၀-၃-၂၀၀၉ရက်တွင် ကျရောက်သော (၁၅)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် သားသမီးတို့နဲ့ ရာသက်ပန်ရိုးမြေကျ ပျော်ရွှင်သာယာတဲ့ မိသားစုဘဝလေး တည်တံ့နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

ချစ်သူငယ်ချင်း

ဦးဝင်းသန်းဦး(ကထိက၊ မြန်မာစာဌာန၊ ပဲခူးဒီဂရီ ကောလိပ်)

ဒေါ်ဝင်းသီဂီကျော်(စာပေဌာနမှူး၊ ပြည်မြို့ ပညာရေးကောလိပ်)

မိသားစု။

ပါမောက္ခဒေါက်တာနိုင်ပန်းလှအတွက် မွေးနေ့ဆုတောင်းလွှာ

ချစ်ပါပါ-ချစ်ပါနွတ်-ပါမောက္ခ ဒေါက်တာနိုင်ပန်းလှ၏ (၈၆)နှစ်မြောက် မင်္ဂလာမွေးနေ့ ၂၀-၃-၂၀၀၉ ရက်မြတ်တွင် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာရွှင်လန်းပြီး ဆောင်းပါးနှင့် စာအုပ်များ ပိုရေးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်သမီး	-	မိခင်ခင်လှ၊ ဒေါက်တာမန်းစိုးမြင့်၊ ပြည်လမ်း၊ ရန်ကုန်။
ချစ်သားများ	-	မင်းအေးချမ်း-မိတင်တင်စိန်၊ မင်းမေချမ်း-မိသစ်သစ်၊ မင်းလှိုင်ထော-မိကြည်ကြည်ဆန်း၊ မင်းအေးချို-မိနှင်းဆီ၊ မင်းလှိုင်စွန်း(၁၂-က၊ ရွှေတောင်ကြားရိပ်သာ)
ချစ်မြေးများ	-	မင်းကွန်ထော-မိနှင်းဖြူပြာဟန်၊ လှိုင်မိုးမြင့်-မိမေစိုးမွန်(Singapore) မင်းလှထော(Singapore) မင်းကိုကိုထွန်း(U.K)-မိမေလှိုင်းကြည်(Accountant, U.K) မင်းထောမွန်(Gran'd Bird Co., Ltd. Tokyo)-မိခိုင်စန္ဒာဇော်(ခေတ္တ-Tokyo) မင်းဗညားထော(Second Officer-M.V ကျိုင်းတုံ-ကြယ်ငါးပွင့်)၊ မိဥမ္မာချမ်း(C.B. Bank)၊ မအိမွန်ချမ်း(New Global Language School, Tokyo)၊ မင်းတင်ဦးချို(B.Tech-Mechanical)၊
ချစ်မြစ်များ	-	မိဆုဝတီထော၊ Daniel မိုးမြင့်။

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

EVER SUNNY INDUSTRIAL COMPANY LIMITED ၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးဇော်မျိုးထက် ၁၃/တကန(နိုင်)၀၀၃၇၅၀ အမှတ် ၉၃၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်မျိုးထက်သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို မူပိုင်ကုန်အမှတ်တံဆိပ် အဖြစ် စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။



မှတ်ပုံတင်အမှတ်	မှတ်ပုံတင်အမှတ်	မှတ်ပုံတင်အမှတ်
၄/၈၄၁၁/၂၀၀၇	၄/၈၈၄၉/၂၀၀၈	၄/၈၈၅၀/၂၀၀၈

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များအား EVER SUNNY INDUSTRIAL COMPANY LIMITEDမှ ထုတ်လုပ်သည့် အပြည်ပြည်ဆိုင်ရာကုန်အမှတ်တံဆိပ်အမျိုးအစားသတ်မှတ်ချက် ၂၉နှင့်၃၀ (Int'l Class 29 and 30)တွင် ပါဝင်သော ကော်ဖီမှုန့်၊ ကော်ဖီမစ်၊ ကော်ဖီရည်၊ နို့၊ နို့မှုန့်၊ နို့ဆီ၊ နို့စိမ်း၊ ခရင်မာ၊ ကော်ဖီထွက်ပစ္စည်းအမျိုးမျိုးအား ပုလင်း၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ စက္ကူအိတ်၊ ပါဆယ်ထုပ်တို့ဖြင့် ထုပ်ပိုးရာတွင် ကုန်အမှတ်တံဆိပ် အဖြစ်အသုံးပြုကာ မြန်မာပြည်အနှံ့အပြားတွင် ကျယ်ပြန့်စွာဖြန့်ဖြူးရောင်းချလျက် ရှိပါသည်။

မည်သူမဆို ကျွန်ုပ်၏မိတ်ဆွေ တစ်ဦးတည်း မူပိုင်အမည်နှင့် ကုန်အမှတ်တံဆိပ်အား ထပ်တူထပ်မျှသော်လည်းကောင်း၊ ဆင်တူယိုးမှားသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသအားဖြင့်သော်လည်းကောင်း၊ စားသုံးသူများအား ထင်ယောင်ထင်မှား ဖြစ်စေရန်သော်လည်းကောင်း တစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးချစ်ဆွေ B.A(Law)LL.B, D.B.L., D.M.L., D.I.L.

တရားရုံးချုပ်ရှေ့နေ၊ စဉ် ၁၄၇၈

U Nyunt Tin Associates

83/8, First Floor, Pansodan Street, Yangon.

Tel: 375754

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်နှင့် စီးပွား/ကူးသန်းတို့ အကြိုဗိုလ်လုပွဲတက်ရောက်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၉

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း) ကွင်းပိတ် ရှုံး/ထွက်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းကွင်းနဲ့ သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်း နဲ့ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်တို့ နိုင်ပွဲရပြီး အကြိုဗိုလ်လုပွဲကို တက်ရောက်သွားပါတယ်။

အောင်ဆန်းကွင်း

စီးပွား/ကူးသန်း-နှစ်ဂိုး လယ်ယာ/ဆည်မြောင်း-တစ်ဂိုး

ပထမအကျော့ကတည်းက စီးပွား/ကူးသန်းကို ဒုက္ခပေးနိုင်ခဲ့တဲ့ လယ်ယာ/ဆည်မြောင်းအသင်းဟာ အခုပွဲမှာလည်း စီးပွား/ကူးသန်းကို အကောင်းဆုံး ဖိအားပေးနိုင်ခဲ့ပါတယ်။ စီးပွား/ကူးသန်းအသင်းဟာ ဇော်လင်းထွန်း၊ ရာဇာဝင်းသိန်း၊ အောင်မျိုးသန့်၊ မျိုးမင်းထွန်းတို့နဲ့ လူစုံထုတ်သုံးသွားခဲ့ပေမယ့် ခြေအသာမရခဲ့ပါဘူး။ ကံကောင်းသွားတာကတော့ လယ်ယာ/ဆည်မြောင်း ဂိုးသမား ဟန်မင်းထွဋ်ရဲ့ အမှားတွေကြောင့် ပြစ်ဒဏ်ဘောကနေ ဂိုးနှစ်ဂိုးရသွားခဲ့တာပါပဲ။

ဖိအားပေး

ပထမပိုင်းမှာတော့ ခင်မောင်လွင် ဦးဆောင်တဲ့ လယ်ယာ/ဆည်မြောင်း အသင်းဟာ စီးပွား/ကူးသန်းဘက်ကို ဖိအားပေးနိုင်ခဲ့ပါတယ်။ ဇော်လင်းထွန်း ဦးဆောင်တဲ့ နောက်တန်း အမှားနည်းခဲ့လို့သာ စီးပွား/ကူးသန်း သက်သာသွားတာဖြစ်ပါတယ်။ စီးပွား/ကူးသန်းအသင်းကတော့ ပထမအဆင့်တုန်းက ကာကွယ်ရေး ဝန်ကြီးဌာနအသင်းကို အနိုင်ရခဲ့တဲ့ ခြေစွမ်းမျိုးမတွေ့ခဲ့ရသလို ကွင်းလယ်က မင်းသူနဲ့ အောင်မျိုးသန့်ဆီက ဘောလုံးမထွက်ဘဲ ရာဇာဝင်းသိန်းနဲ့ ထူးကျော်တို့ရဲ့ တိုက်စစ်အတွဲကလည်း လယ်ယာ/ဆည်မြောင်း နောက်တန်းကို မကျော်နိုင်ခဲ့လို့ ပထမပိုင်းမှာ ဂိုးမရှိ သရေ ဖြစ်နေပါတယ်။

အင်အားဖြည့်ကစား

ဒုတိယပိုင်းမှာတော့ပွဲဟာ အပြန် အလှန်ရှိလာပြီး ၅၉မိနစ်မှာတော့ စီးပွား/ကူးသန်း ဂိုးစရသွားပါတယ်။ ပယ်နယ်တီဧရိယာစည်းနားမှာ ရရှိတဲ့ပြစ်ဒဏ်ဘောကို ရာဇာဝင်းသိန်းက တိုက်ရိုက်ကန်သွင်းသွားတာ ဖြစ်ပါတယ်။ ဂိုးရသွားလို့ စီးပွား/ကူးသန်း ပိုဖိလာနိုင်ပြီး ၆၃မိနစ်မှာတော့ ကွင်းလယ်စည်းကျော်ကျော်နားက ရရှိတဲ့ ပြစ်ဒဏ်ဘောကို အောင်မျိုးသန့် ဂိုးထဲကို တိုက်ရိုက်လှမ်းကန်ရာ လယ်ယာ/ ဆည်မြောင်း ဂိုးသမား ဟန်မင်းထွဋ်ဖမ်းသော်လည်း လွတ်ကျပြီး ဂိုးထဲဝင်သွားလို့ စီးပွား/ကူးသန်း ဒုတိယဂိုးရသွားပါတယ်။ နှစ်ဂိုးပေးလိုက်ရပေမယ့် လယ်ယာ/ဆည်မြောင်းအသင်းဟာ စိတ်ဓာတ်မကျဘဲ ချေပဂိုးရဖို့ ကြိုးစားလာပါတယ်။ ၆၇ မိနစ်မှာတော့ အသင်းခေါင်းဆောင်ခင်မောင်လွင်က ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့ပေမယ့် နောက်ထပ် ချေပဂိုးကိုတော့ မသွင်းနိုင်တော့ပါဘူး။ စီးပွား/ကူးသန်းကတော့ အနိုင်ကို သေချာစေဖို့အတွက် မိုးဝင်းကိုထည့်ပြီး ခံစစ်အားဖြည့် ကစားသွားခဲ့ပါတယ်။ စီးပွား/ကူးသန်းဟာ အကြိုဗိုလ်လုပွဲမှာ စွမ်းအင်နဲ့ သစ်တောရေးရာ အနိုင်ရတဲ့အသင်းနဲ့ ကစားရမှာပါ။

သုဝဏ္ဏကွင်း

ဘဏ္ဍာ/အခွန် - ခြောက်ဂိုး ပြည်ထဲရေး - တစ်ဂိုး

လက်ရှိ ချန်ပီယံ ဘဏ္ဍာ/အခွန်ကတော့ ပထမအကျော့မှာ သုံးဂိုးပြတ်နဲ့ အနိုင်ရထားတာကြောင့် နှစ်ကျော့ပေါင်း ကိုးဂိုးသွင်းပြီး အကြိုဗိုလ်လုပွဲကို တက်ရောက်သွားပါတယ်။ ဘဏ္ဍာ/အခွန်အသင်းဟာ ပထမပိုင်းကတည်းက ခြောက်ဂိုးပြတ်သွင်းယူထားတာဖြစ်ပြီး ပြည်ထဲရေးအတွက် နှစ်သိမ့်ဂိုးကို ဒုတိယပိုင်းမှာ စည်သူဝင်းက ပယ်နယ်တီကနေ သွင်းယူခဲ့တာပါ။ ဘဏ္ဍာ/အခွန်အတွက် အနိုင်ဂိုးတွေကို စိုးမြတ်မင်းက သုံးဂိုး၊ ဇော်ထိုက်က နှစ်ဂိုးနဲ့ ခင်မောင်ထွန်းက တစ်ဂိုးတို့ သွင်းယူခဲ့ပြီး အကြိုဗိုလ်လုပွဲမှာ ကမ္ဘောဇနဲ့ ပို့ဆောင်ရေး အနိုင်ရတဲ့အသင်းနဲ့ကစားရမှာပါ။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ကမ္ဘောဇ - ပို့ဆောင်ရေး

အောင်ဆန်းကွင်း

စွမ်းအင် - သစ်တောရေးရာ

(မြန်မာ့အလင်း)

စီးပွား/ကူးသန်းမှ ဘိုဘိုအောင် လယ်ယာ/ဆည်မြောင်း နောက်ခံလူ နှစ်ဦးကြားမှ ဤသို့ထိုးဖောက် ကစားခဲ့သည်။

(မြန်မာ့အလင်း)

နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

နေပြည်တော် မတ် ၁၉

နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၃ရက်မှ ၁၅ရက်အထိ နေပြည်တော် မြို့တော်ဂေါက်ကွင်း၊ ရေပြာ တပ်မတော်ဂေါက်ကွင်းနှင့် နေပြည်တော် မြို့တော်ဂေါက်ကွင်းတို့တွင် တစ်ကွင်း တစ်ရက်စီဖြင့် သုံးရက်ကျင်းပမည်ဖြစ်သည်။

ထိုက်ထိုက်တန်တန်ချီးမြှင့်မည်

ပြိုင်ပွဲတွင် ရွှေ၊ ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲနှင့် ရွှေ၊ ငွေအဆင့် တစ်ဦးချင်း ပြိုင်ပွဲများပါဝင်မည်ဖြစ်ပြီး ဆုများအနေဖြင့် နေ့စဉ်ကွင်းအလိုက် ကျင်းပမည့်ပြိုင်ပွဲများတွင် အသင်းလိုက် ပထမ၊ ဒုတိယဆုများနှင့် တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုများကိုလည်း ကွင်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ဂေါက်ကွင်းတစ်ကွင်းတွင် တစ်ရက်စီဖြင့် သုံးရက်ယှဉ်ပြိုင်ကစားပြီးပါက အကောင်းဆုံးအသင်းအတွက် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဖလားနှင့် အားကစားသမားတစ်ဦးချင်းကိုလည်း ရွှေသားရုပ်တုတစ်ဆုနှင့် ငွေကျပ် ၁၀သိန်းစီအပြင် ဒုတိယရရှိသည့်အသင်းအား တစ်ဦးချင်း ငွေသားရုပ်တုတစ်ဆုနှင့် ငွေကျပ် ခုနစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သုံးရက်ပေါင်းတစ်ဦးချင်း အကောင်းဆုံး အားကစားသမားအား ရွှေသားရုပ်တုတစ်ဆုနှင့် ငွေကျပ် ၁၀သိန်း၊ ဒုတိယဆုရရှိသည့် အားကစားသမားအား ငွေသားရုပ်တုတစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲဝင်အသင်းတစ်သင်းစီတွင် အားကစားသမား ခြောက်ဦးပါဝင်ရမည်ဖြစ်ပြီး Pro အားကစားသမား နှစ်ဦးအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲတွင် အားကစားသမားအားလုံးအနေဖြင့်လည်း အကျောပေးသတ်မှတ်ချက်(Handicap Zero)ဖြင့် ပါဝင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

စည်းမျဉ်းဥပဒေ

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် ကွင်းအလိုက် သတ်မှတ်ထားသည့်ဒေသန္တရစည်းမျဉ်းဥပဒေများ အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်အားကစားသမားများ၏ အမည်စာရင်းကို ဧပြီ ၈ရက် နောက်ဆုံးထား၍ နေပြည်တော်မြို့တော်ဝန်ရုံး ဖုန်း-၀၆၇-၄၁၄၆၁၀၊ ၄၁၄၂၈၉ တို့သို့ ပေးပို့ရမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်ပြည်တစ်လွှား မီးမပွားရေး တားဆီးပေး

အင်တာနက် ကျန်းမာရေး

အမျိုးသမီးငယ်များ နေ့စဉ် ပုံမှန်ကိုယ်လက်လေ့ကျင့်ခန်း ပြုလုပ်ခဲ့လျှင် ရင်သားကင်ဆာဖြစ်ပွားနှုန်း လျော့ကျစေနိုင်ဟုဆို

ကလေးဘဝမှစတင်ကာ အမျိုးသမီးများကိုယ်လက်လေ့ကျင့်ခန်း နေ့စဉ် ၁၅မိနစ်ခန့် ပြုလုပ်ပေးပါက အသက်အရွယ်ရလာသည့်အခါ ရင်သားကင်ဆာဖြစ်ပွားမှုနှုန်း နည်းပါးစေကြောင်း စပိန်သုတေသနပညာရှင်များက ပြောကြားသည်။

ငယ်ရွယ်စဉ်ကာလ၌ ကိုယ်ကာယလေ့ကျင့်မှုသည် သွေးစီးဆင်းမှု ကောင်းမွန်စေသည့်အပြင် ဆဲလ်များသန့်စွမ်းမှုကို ပံ့ပိုးပေးနိုင်ကြောင်း၊ ထို့အပြင် ဆဲလ်များပျက်စီးမှုကိုလည်း ကာကွယ်ပေးနိုင်ကြောင်း ၄င်းတို့က ပြောကြားသည်။

နေ့စဉ်ပုံမှန်ပြုလုပ်သင့်

ကလေးငယ်ဘဝမှ စတင်ကာ အဝလွန်မှု မဖြစ်ပေါ်စေသည့်အပြင် ခန္ဓာကိုယ်အတွင်း အဆီဓာတ်များ ကျဆင်းစေသဖြင့် ကိုယ်လက်လှုပ်ရှားမှုကို မိန်းကလေးငယ်များ နေ့စဉ်ပုံမှန် ပြုလုပ်သင့်ကြောင်း စပိန်သုတေသနပညာရှင်များက ပြောကြားသည်။

လေ့ကျင့်ခန်းပုံမှန်ပြုလုပ်

ရင်သားကင်ဆာ ဖြစ်စေသည့်ဆဲလ်များအား ကိုယ်လက်လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ပေးခြင်းဖြင့် ချေဖျက်နိုင်စွမ်းရှိပြီး ကင်ဆာရောဂါဖြစ်ပွားမှုမှ ကင်းဝေးစေနိုင်ကြောင်း ၄င်းတို့က ပြောကြားသည်။

ဘဝအမောပြေ

ဒါကြောင့်ပါ....

ပုဂ္ဂလိကဆေးခန်းတစ်ခန်းတွင် အရေးပေါ်လူနာတစ်ဦး ရောက်ရှိလာသဖြင့် ဆရာဝန်က စစ်ဆေးပြီး အကူသူနာပြုဆရာမအား ဆေးတိုက်ရန် မှာကြားလေသည်။

ဆရာဝန် ။ ။ လူနာကို ဒီဆေးတိုက်လိုက်ပါ။

သူနာပြု ။ ။ ဟုတ်ကဲ့။

ဆရာဝန် ။ ။ ဒီလူနာက နောက်ဆုံးအခြေအနေ ရောက်နေတာမို့ ဆေးကို အချိန်ကိုက် တိုက်ပေးပါ။

သူနာပြု ။ ။ ဟုတ်ကဲ့ပါ။

ဆရာဝန် ။ ။ သေသေချာချာမှတ်တမ်းတင်ထားပါ။

ဆရာဝန်ထွက်သွားပြီး သူနာပြုကဆေးတိုက်လေသည်။ ထို့နောက် သတိရပြီး လူနာအားထိုင်စေကာ ပခုံးကိုကိုင်ပြီး လူနာ၏ခန္ဓာကိုယ်အား ဆွဲကိုင်လှုပ်ယမ်းလျက်ရှိသည်။ ထိုအချိန်၌ ဆရာဝန် ပြန်ရောက်လာခဲ့ရာ-

ဆရာဝန် ။ ။ ‘လူနာကို ဘာတွေလုပ်ပေးနေတာလဲ’

သူနာပြု ။ ။ ဆေးပုလင်းမလှုပ်မိဘဲ ဆေးတိုက်လိုက်မိလို့ ဆေးတွေ သမသွားအောင် လူနာကို ကိုင်လှုပ်ပေးနေတာပါဆရာ။

ဆရာဝန် ။ ။ “ဘာ”

တစ်ပတ်အတွင်း နိုင်ငံတကာသတင်းအကျဉ်း

(မတ် ၁၁ရက်မှ မတ် ၁၇ရက်အထိ)

မတ် ၁၁။ ။ **ဆိုမာလီယာကမ်းလွန်တွင် ပင်လယ်ဓားပြ တိုက်ခိုက်မှုများကို တိုက်ဖျက်ချေမှုန်းရန်အတွက် ဂျပန်စစ်သင်္ဘောနှစ်စင်းက လေ့ကျင့်မှုများ ပြုလုပ်နေသည်ဟုဆိုသည်။ ဆာဇာနာမီနှင့် ဆာမီဒါရီအမည်ရှိ ဂျပန်စစ်သင်္ဘောနှစ်စင်းသည် တပ်ဖွဲ့ဝင် ၄၀၀ ပါဝင်ကာ စစ်ရေးလေ့ကျင့်ခြင်းဖြစ်သည်။**

မတ် ၁၂။ ။ အင်ဂိုလာနိုင်ငံတောင်ပိုင်း ဒေသများတွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ဒေသခံပြည်သူ ၂၅၀၀၀ခန့် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရသည်။ နေအိမ်များစွာ ရေနစ်မြုပ်ခဲ့ပြီး သုံးဦးသေဆုံးခဲ့ရာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မတ် ၁၃။ ။ **ထိုင်းနိုင်ငံရှိ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်** (အောက်ပုံ) **သည် ကမ္ဘာပေါ်တွင် ပဉ္စမမြောက် အကောင်းဆုံးလေဆိပ်အဖြစ် ဂျီနီဗာအခြေစိုက် နိုင်ငံတကာလေဆိပ်များကောင်စီ(အေစီအိုင်)က ရွေးချယ်လိုက်သည်။ သုဝဏ္ဏဘူမိလေဆိပ်သည် တစ်နှစ်လျှင် ခရီးသည် သန်း၄၀ခန့် အဝင်အထွက်ရှိသည့် လေဆိပ်ဖြစ်သည်။**

မတ် ၁၄။ ။ ရေပြင်ပိုင်နက်လုံခြုံရေးနှင့် တရားမဝင် ငါးဖမ်းခြင်းလုပ်ငန်းများကို တားဆီးရန်အတွက် တရုတ်ရေတပ်သင်္ဘောများက တောင်တရုတ်ပင်လယ်အတွင်း ကင်းလှည့်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

မတ် ၁၅။ ။ **ဩစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်း ကွင်းစလန်ပြည်နယ်ကမ်းရိုးတန်း၌ ရေနံတင်သင်္ဘောတစ်စင်း မုန်တိုင်းကြောင့် တိမ်းမှောက်ခဲ့ရာ ရေနံတန်ချိန်များစွာ ပင်လယ်အတွင်းယိုဖိတ်ခဲ့သည်။ ရှင်းလင်းရေးအဖွဲ့များက လိုက်လံရှင်းလင်းလျက်ရှိသည်။**

မတ် ၁၆။ ။ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း မီဂဟာလာယာပြည်နယ်အတွင်းရှိ ကျောက်မီးသွေးမိုင်းတွင်းတစ်တွင်း ပြိုကျခဲ့ရာ မိုင်းလုပ်သား ရှစ်ဦးသေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။

မတ် ၁၇ ။ ။ **ဥရောပဂြိုဟ်တုတစ်လုံးကို သယ်ဆောင်သွားသော ရုရှားလုပ် အာကာသ ဒုံးပျံတစ်စင်းကို ရုရှားနိုင်ငံမြောက်ပိုင်း ပလီဆက် အာကာသဒုံးပျံလွှတ်တင်ရေးစခန်းမှနေ၍ မော်စကို စံတော်ချိန် မွန်းလွဲ ၁၇နာရီ၂၁မိနစ်က အောင်မြင်စွာ လွှတ်တင်လိုက်သည်။ ယင်းဂြိုဟ်တုသည် ပင်လယ်သမုဒ္ဒရာနှင့် ကမ္ဘာ့မြေဆိုင်ရာ ဓာတ်ပုံနှင့် သတင်းအချက်များကို မြေပြင်စခန်းသို့ ပေးပို့မည် ဖြစ်သည်။**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

ဆန်မာရီနိုနိုင်ငံဟူသည်မှာ....

သတင်းအက်ဆေး

ဆန်မာရီနိုနိုင်ငံသည် အေဒရီယာတစ်ကမ်းရိုးတန်းဒေသအနီး အီတလီအလယ်ပိုင်း၏ မြောက်ဘက်ဒေသတွင် တည်ရှိသည်။ ကုန်းတွင်းပိတ် ဆန်မာရီနိုနိုင်ငံသည် ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးသော နိုင်ငံကလေး တစ်နိုင်ငံဖြစ်သည်။ ပတ်ပတ်လည် အီတလီနိုင်ငံက ဝန်းရံထားသည်။ ဤအဖြစ်က ဥရောပတစ်နံတစ်လျားတွင် မြို့ပြနိုင်ငံများ အစီအရီပွားများ တိုးတက်ခဲ့သည့်ခေတ်ကို ပြန်လည်သတိရအောက်မေ့စေခဲ့ပါသည်။

ခံတပ်ကြီးသုံးခု

ဆန်မာရီနိုနိုင်ငံ၏ ပထဝီမြေအနေအထားတွင် တီတာနိုတောင်က ငွားငွားစွင့်စွင့်ဖြင့် အထင်းသား တွေ့မြင်ရသည့်အထဲ ဤတောင်၏ ဆင်ခြေလျှောပေါ်ရှိ ခံတပ်ကြီးသုံးခုက အေဒရီယာတစ်ကမ်းရိုးတန်းကို အပေါ်စီးမှ လှမ်းမြင်နေရသည်။

ဤနိုင်ငံ၏စီးပွားရေးတွင် ခရီးသွားလုပ်ငန်းမှာ အဓိကအခန်းမှ ပါဝင်လျက်ရှိသည်။ နှစ်စဉ် ကမ္ဘာလှည့်ခရီးသည် သုံးသန်းကျော်လာရောက်သည်။ တံဆိပ်ခေါင်းစုခြင်းနှင့် ငွေအကြွေများ စုဆောင်းခြင်းလုပ်ငန်းတို့မှလည်း ဝင်ငွေအများအပြားရရှိသည်။ ဥရောပတိုက်တွင် အခွန်ကင်းလွတ်မှုအရှိဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ဌာနေမဟုတ်သူများထံမှလည်း ငွေများလှိမ့်ဝင်လာသည်။

နယ်နိမိတ်ပိုင်ဆိုင်မှု

ဆန်မာရီနိုနိုင်ငံကို ၄ရာစုနှစ်အစတွင် ခရစ်ယာန် ကျောက်ဆစ်သမား မာရီနုပ်စ်က စတင်ထူထောင်ခဲ့သည်။ ၁၄၆၃ခုနှစ်တွင် ဗရင်ဂျီရဟန်းမင်းကြီးက ဖီအိုရင်တီနို၊ မွန်တီဂတ်ဒီနိုနှင့် ဆာရာဗေးလ်မြို့များကို ဆန်မာရီနိုနိုင်ငံသို့ ချီးမြှင့်လိုက်သည်။ ဖေတာနိုမြို့သည်လည်း ၁၄၆၄ခုနှစ်တွင် ဤနိုင်ငံနှင့်ပေါင်းလိုက်သည်။ သို့ဖြင့် လက်ရှိဤနိုင်ငံ၏ နယ်နိမိတ်ပိုင်ဆိုင်မှု ဖြစ်လာသည်။

ဖော်ပြထား

၁၅၉၉ခုနှစ်တွင် ပါလီမန်အစိုးရဖွဲ့စည်းပေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာပြီး ၁၆၀၀ပြည့်နှစ် စတက်ကျူဥပဒေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖော်ပြထားသည်။

၁၆၃၁ခုနှစ်တွင် ဆန်မာရီနိုနိုင်ငံ လွတ်လပ်ရေးကို ဗာတီကင်နိုင်ငံက အသိအမှတ်ပြုသည်။

၁၇၃၉ခုနှစ်တွင် ကာဒီနယ်အယ်ကာရိုနီ၏ တပ်များက ဤနိုင်ငံကို သိမ်းပိုက်လိုက်သည်။ သို့သော် သပိတ်မှောက်တိုက်ပွဲနှင့်တကွ ဗာတီကင်သို့ မေတ္တာရပ်ခံအပြီး

တွင် ဗရင်ဂျီရဟန်းမင်းကြီးက ဆန်မာရီနိုနိုင်ငံ၏ လွတ်လပ်ရေးကို ပြန်လည်အပ်နှင်းလိုက်သည်။

လေးစားသမှုပြု

၁၇၉၇ ခုနှစ်တွင် ပြင်သစ်ဧကရာဇ် နပိုလီယန်က အီတလီကို ကျူးကျော်သည်။ သို့သော် ဆန်မာရီနိုနိုင်ငံ၏ အခွင့်အရေးကို လေးစားသမှုပြုသည်။

လက်မှတ်ရေးထိုး

၁၈၁၅ခုနှစ်တွင် ဗီယင်နာကွန်ဂရက်က ဤနိုင်ငံ၏လွတ်လပ်ရေးကို အသိအမှတ်ပြုသည်။ ၁၈၆၂ခုနှစ်တွင် အီတလီနိုင်ငံနှင့် အခွန်အကောက်ပေါင်းစည်းရေး၊ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။

၁၉၄၀-၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးတွင် ကြားနေခဲ့သည်။ အိမ်နီးချင်း အီတလီမှ ဒုက္ခသည် ၁၀၀၀၀၀ ကို လက်ခံခဲ့သည်။

၁၉၉၂ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်လာခဲ့သည်။

ကိုးကား-အင်တာနက် **တိုး ရေးသားသည်။**

ဆန်မာရီနိုနိုင်ငံသည် အေဒရီယာတစ်ကမ်းရိုးတန်းဒေသအနီး အီတလီအလယ်ပိုင်း၏ မြောက်ဘက်ဒေသတွင် တည်ရှိ၊ ကုန်းတွင်းပိတ် ဆန်မာရီနိုနိုင်ငံသည် ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးသော နိုင်ငံကလေး တစ်နိုင်ငံဖြစ်၊ ပတ်ပတ်လည် အီတလီနိုင်ငံက ဝန်းရံထား၊ ဤအဖြစ်က ဥရောပတစ်နံတစ်လျားတွင် မြို့ပြနိုင်ငံများ အစီအရီပွားများ တိုးတက်ခဲ့သည့်ခေတ်ကို ပြန်လည်သတိရအောက်မေ့စေခဲ့။

ဘဝ ဒဿန

- ***Best doctors in the world are Doctor Diet, Doctor Quiet and Doctor Merryman.***

- *ဤကမ္ဘာ၌ အတော်ဆုံးဆရာဝန်များမှာ ဓာတ်စာပေးသော ဆရာဝန်၊ အေးအေးချမ်းချမ်း နေခြင်းဟူသော ဆရာဝန်နှင့် ပျော်ပျော်ရွှင်ရွှင်နေခြင်းဟူသော ဆရာဝန်များပင် ဖြစ်သည်။*

ဂျိုနာသန်ဆွစ်ဖ်
(အင်္ဂလိပ်လူမျိုး စာပြောင်ရေးဆရာ)

မြန်မာနိုင်ငံ၌ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စင်ကာပူအစိုးရ၏ ကူညီဆောင်ရွက်မှုများကို ကျေးဇူးတင်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းမည့် လုပ်ငန်းကဏ္ဍများကို လုပ်ဆောင်နိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကပိုင်းကို တိုက်တွန်းဆောင်ရွက်သွားမည်

စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း ခေါင်းဆောင်သော အဖွဲ့ဝင်များ စင်ကာပူမြို့ Istana သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း ခေါင်းဆောင်သော အဖွဲ့ဝင်များ၏ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၇ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် စင်ကာပူမြို့ Istana သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ■

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး မလေးရှားတပ်မတော်မှ Chief of Staff နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ လေ့လာရေးခရီး ရောက်ရှိနေသော မလေးရှားတပ်မတော်မှ Chief of Staff, Lieutenant General, Dato' Haji Shahrom bin Haji Ibrahim နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်အတူ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အေးမြင့်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး မလေးရှားတပ်မတော်မှ Chief of Staff, Lieutenant General, Dato' Haji Shahrom bin Haji Ibrahim အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

တိမ်အသင့် အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။